# လူ့အသက်ထက် အကျိုးအမြတ်ကိုသာ ကာကွယ်

## မြန်မာစစ်တပ်၏ ဝေ့ခါမြေပြိုသေဆုံးခြင်းတွင် ပါဝင်မှု





# အသိအမှတ်ပြု ကျေးဇူးတင်ခြင်း

ဤအစီရင်ခံစာထုတ်ဝေနိုင်ရန်အတွက် လိုအပ်သော သတင်း အချက်အလက်များကို သတ္တိရှိရှိ အမှန်အတိုင်း ဖြေကြားပေးသူများ အထူးသဖြင့် လူ့အခွင့်အရေးချိုးဖောက်ခံရသူများ၊ မျက်မြင်သက်သေများ ၎င်းတို့၏ မိသားစု ဝင်များနှင့် အမှုတွင် ပါဝင်ဆောက်ရွက်ပေးသူ ဘာသာရေး ခေါင်းဆောင်များ၊ ရပ်ကွက်လူကြီးများ၊လူထုအခြေပြု ခေါင်းဆောင်များ၊ အယောက်စီတိုင်းကို အထူးကျေးဇူးတင်ရှိပါသည်။

အခက်အခဲအမျိုးမျိုးတွေ ရှိနေသည့်ကြားမှ ကြိုးစားပြီး သတင်းယူခဲ့ ကြသည့် KWAT ကွင်းဆင်းလုပ်သားများနှင့် အစီရင်ခံစာနှင့် ပတ်သက်ပြီး အကြံပေးသော အတိုင်ပင်ခံ အယောက်စီတိုင်းကို အထူးကျေးဇူးတင်ရှိပါသည်။

အစီရင်ခံစာပေါ်ထွက်လာရေးအတွက် လိုအပ်သော နည်းပညာပိုင်းအကြံဉာဏ်များ ပေးခဲ့သော Burma Relief Center ကိုလည်းအထူးကျေးဇူးတင်ရှိပါသည်။

အစီရင်ခံစာအဖုံးအတွက် ဓါတ်ပုံ အခမဲ့ အသုံးပြုခွင့်ပေးသော ဓါတ်ပုံဆရာ ခွန်လတ်ကိုလည်း အထူး ကျေးဇူးတင်ရှိပါသည်။

# မာတိကာ


အစီရင်ခံစာ အကျဉ်းချုပ် ၃

ဝှေ့ခါ ကျောက်စိမ်းမှော် နယ်မြေ နောက်ခံသမိုင်းကြောင်း ၅

ဝှေ့ခါ မှော်တွင် လုပ်ကိုင်နေသော ကုမ္ပဏီများ ၇

ဘေးအန္တရာယ် ကပ်ဆိုးကြုံတွေ့ရခြင်း ၁၃

အစိုးရ၏ အဖြစ်သဘော တုန့်ပြန်မှု ၁၇

သုံးသပ်ချက်နှင့် အကြံပြုချက်များ ၁၈

နောက်ဆက်တွဲများ ၂၀

၂၀၂၀ ခုနှစ်၊ ဝှေ့ခါတွင် အစိုးရ ကျောက်တူးဖော်ခွင့် ပါမစ်ရရှိသော ကုမ္ပဏီများ စာရင်း ၂၀

၂၀၂၀ခုနှစ်၊ ဇူလိုင်လ ၂ ရက်နေ့ မြေပြိုမှုတွင် ဆုံးပါးသွားသော သူများ၏ အလောင်းနှင့် မည်သူမည်ဝါ ဖြစ်ကြောင်း သတ်မှတ်နိုင်ခဲ့သော စာရင်း ၂၁

# အစီရင်ခံစာ အကျဉ်းချုပ်

၂၀၂၀ ခုနှစ် ဇူလိုင်လ ၂ ရက်နေ့တွင် ကချင်ပြည်နယ် ဖားကန့်ရှိ ဝေ့ခါ ကျောက်စိမ်းတွင်း၌ လူအများ သေဆုံးစေသည့် မြေပြိုမှု ဖြစ်ပွားခဲ့ပြီး ကျောက်တွင်း အလုပ်သမား ၃၀၀ ခန့် သေဆုံးခဲ့သည်။ သေဆုံးသူများ အားလုံးမှာ ရေမဆေးကျောက်ရှာသူများဖြစ်ပြီး မိုးတွင်းကာလ တရားဝင် ပိတ်ထားသော ကျောက်တွင်းတွင် အလုပ်လုပ်နေကြ သူများဖြစ်သည်။

သတင်းမီဒီယာများတွင် ရေးသားချက် အများစုက ဥပဒေစိုးမိုးမှုနည်းပါးသဖြင့် ကျောက်စိမ်းတူးဖော်ရေး ကုမ္ပဏီများ၏ လောဘကြောင့် သဘာဝ ပတ်ဝန်းကျင် ကာကွယ်ရေး နှင့် ဘေးကင်းလုံခြုံရေး ဥပဒေများကို ချိုးဖောက်၍ ကျောက်တွင်းများကို ရောမ သေမင်းထောင်ချောက်များ ဖြစ်စေခဲ့သည် ဟုအပြစ်ပုံထားကြသည်။

နိုင်ငံတော်အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်သည် အလုပ်လက်မဲ့ဖြစ်မှုများမှာ ကျောက်တူး သမားများကို တရားမဝင်သောအလုပ်များ လုပ်ဖြစ်အောင် တွန်းပို့ခဲ့ခြင်းကြောင့် ကံဆိုးမိုးမှောင်ကျရခြင်း ဖြစ်သည်ဟု အပြစ်တင် ပြောဆို နေချိန်တွင် သယံဇာတနှင့်သဘာဝပတ်ဂန်းကျင် ထိန်းသိမ်းရေး ဂန်ကြီးဌာန ပြည်ထောင်စုဂန်ကြီး ဦးအုန်းဝင်း က ၎င်းတို့၏လောဘဇောကြောင့် သေဆုံးရသည်ဟု ကျောက်တူး သမားများကို အပြစ်တင်ခဲ့သည်။

ဤဝမ်းနည်းဖွယ် အဖြစ်အပျက်တွင် မြန်မာ့ စစ်တပ်ပိုင် ကျောက်စိမ်းကုမ္ပဏီအချို့မှအကျိုးခံစားခွင့်ရသည့် ပိုင်ဆိုင်မှုကို ဖော်ပြခြင်းနှင့် ၎င်းတို့၏ ပတ်သက်မှုကို အသားပေးဖော်ပြထားသည်မှာ အနည်းငယ်သာရှိသည်။ အမှန်ဆိုလျှင် ဝေ့ခါမော်တွင် လည်ပတ်နေသော အဓိက ကုမ္ပဏီကြီး သုံးခုရှိသည့် အနက်မှ တစ်ခုမှာ စစ်တပ်ပိုင် ရတနာကြယ် ဖြစ်ပြီး ၎င်းကုမ္ပဏီ၏ အဖွင့်ကျင်းလုပ်ကွက်တွင် ပေ တစ်ထောင်မြင့်သည့် အစွန်းများပေါ်၌ မတည်ငြိမ်သည့် လက္ခဏာများ ပြသနေသော်လည်း ဇွန်လ ၂၅ ရက် မိုးတွင်းကာလ ကျောက်တွင်းများ တရားဝင် ပိတ်သိမ်းချိန်အထိ ဒိုင်းနမိုက်များ နှင့် ရောမ စက်ကိရိယာများကို အသုံးပြုလျက် တူးဖော်နေခဲ့သည်။

သို့ရာတွင် မြန်မာစစ်တပ် အနေနှင့် ယခုလို ဖြစ်ပျက်မှုအပေါ် တိုက်ရိုက် တာဝန်ခံမှုကို ပြုလုပ်ခြင်း မရှိခဲ့ပေ။ ဝေ့ခါမော်မှာ အခြားသော ဖားကန့် ကျောက်စိမ်းမော်များ ကဲ့သို့ပင် မြန်မာစစ်တပ်၏ တင်းကြပ်သော ထိန်းချုပ်မှုအောက်တွင် ရှိသည်။ ၎င်းတို့၏ တပ်ဖွဲ့များက မော်နယ်မြေများကို စောင့်ကြပ်နေပြီး တည်ငြိမ်မှု မရှိသော ဝေ့ခါမော်ကို လူများ ဂင်ရောက်ခွင့်မပြုပဲ တားမြစ်ထားသင့်သည်။ ယခုမြေပြိုသည့် အဖြစ်အပျက်ကို ကြည့်ခြင်းအားဖြင့် မြန်မာစစ်တပ်မှ ကျောက်တွင်းများကို မပိတ်ပဲ ထားခဲ့ကြသည့်အကြောင်းရင်းခံတခုမှာ ၎င်းတို့အနေနှင့် ယခင်ကတည်းက ကျောက်တူးသမားများ၏ အသက်လုံခြုံရေးကို စဉ်းစားထားခြင်း မရှိပဲ ၎င်းတို့ တူးဖော်ထုတ်လုပ် ရရှိသော ကျောက်စိမ်းမှ အကျိုးအမြတ်များအား လုံခြုံမှုရှိစေရန် အတွက်သာဖြစ်သည်။ ယခုဖြစ်ရပ်တွင် ရေမဆေးများထံမှ အကျိုးအမြတ်များရရှိနေခြင်းသည်အကြောင်းရင်းခံတစ်ခု ဖြစ်သည်။ စစ်တပ်သည် ရေမဆေးသမားများ တွေ့ရှိသော မည်သည့်ကျောက်မျိုးမှမဆို အကျိုးအမြတ်များ၏ ဝေစုကို အလိုအလျောက် ရရှိနေသည်။

ရေမဆေးသမားများ ရှာဖွေတွေ့ရှိထားသော ကျောက်စိမ်းမှ အကျိုးအမြတ်မြင့်မားသော "အကောက်ခွန်" သည် စစ်တပ်အတွက် တစ်စုံတစ်ရာ ကြီးမားသော ဝင်ငွေ အရင်းအမြစ်ဖြစ်ပြီး အမြင့်ဆုံး ရာထူးအဆင့်များအထိ ဝေစုခွဲယူကြသည်။လက်ရှိတွင် ၂၀၁၇ ခုနှစ် ရခိုင်ပြည်နယ် မြောက်ပိုင်း၌ ရက်စက်ကြမ်းကြုတ်မှုများကို ကျူးလွန်ခဲ့ပြီး ရက်စက်ရာတွင် နာမည်ဆိုးနှင့်ကျော်ကြားသော ခြေမြန်တပ်မ ၃၃ က ဖားကန့်တွင် ရွှေ့ပြောင်းအခြေချ နေထိုင်ပြီး အောက်ခြေတပ်သားများထံမှ "အခွန်" အဖြစ် ငွေသား များ ကောက်ခံသည်။


ကျောက်စိမ်း ရေမဆေးကျောက်ရှာဖွေမှုမှာ မြင်ရသကဲ့သို့ အားလုံး လွတ်လွတ်လပ်လပ် တရားမဝင် လုပ်ကိုင်နေကြခြင်း မဟုတ်ပါ။ တင်းတင်းကြပ်ကြပ် ထိန်းချုပ်ထားသော လုပ်ငန်းဖြစ်ပြီး အဓိက အကျိုးအမြတ်များမှာ ကုမ္ပဏီများနှင့် စစ်တပ်ကို ရောက်သွားပြီးနောက် ရေမဆေးသမားများ ကိုယ်တိုင်အတွက်မူ ဝင်ငွေ အနည်းငယ်သာ ရရှိသည်။

ရေမဆေးကျောက်ရှာဖွေခြင်းမှာ ခေါင်းပုံဖြတ် အမြတ်ထုတ်သော ကျောက်စိမ်းတူးဖော်ရေး ဖြန့်ဝေမှု လမ်းကြောင်း၏ အောက်ခြေအဆင့်တွင်သာ ရှိပြီး ရေမဆေး အလုပ်သမားများ၏ အခမဲ့ လုပ်အား- တစ်ခါတစ်ရံ အသက်ဆုံးရှုံးမှု - အထိပေးဆပ်ရသည့် ကျောက်တွင်းများမှ နောက်ဆုံးလက်ကျန် တန်ဖိုးကို ထုတ်နှုတ်ယူခြင်း ဖြစ်သည်။

မြန်မာစစ်တပ်၏ ခြေတံလက်တံများက ကျောက်စိမ်းတူးဖော်မှု လုပ်ငန်း၏ အဆင့်အားလုံး အပေါ် ထိန်းချုပ်ထားနိုင်ခြင်းသည် အခြေခံကျသော နိုင်ငံရေး ပြုပြင်ပြောင်းလဲမှု မရှိပဲ ကျောက်တူးဖော်ရေး အခြေအနေများကို တိုးတက်အောင် မလုပ်နိုင်ခြင်း၏ အကြောင်းရင်းပင် ဖြစ်သည်။ မြန်မာ စစ်တပ်က ဩဇာအာဏာ ဆက်လက်ကြီးမားနေပြီး သူတို့၏ ကိုယ်ပိုင် တပ်ဖွဲ့များသည် ကျောက်တူးဖော်ရေး မှော်များကို စောင့်ကြပ်နေသည့်တချိန်တည်းတွင် တူးဖော်ရေး လုပ်ငန်း စီမံခန့်ခွဲမှု တိုးတက်အောင် ကြိုးပမ်းမှုများသည် ကျဆုံးမည်သာ ဖြစ်သည်။

သို့ဖြစ်၍ KWAT သည် မြန်မာစစ်တပ် တပ်ဖွဲ့များ အားလုံးကို ဖားကန့်အပါအဝင် တိုင်းရင်းသား နယ်မြေအားလုံးမှ ဆုတ်ခွာရန်အတွက် တောင်းဆိုလိုက်သည်။ သို့မှသာလျှင် လုံခြုံရေး ကဏ္ဍ ပြုပြင် ပြောင်းလဲရေး အပါအဝင် ဖက်ဒရယ် ဒီမိုကရက်တစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေသစ်သို့ ရည်ရွယ်သည့် အားလုံးပါဝင်သော နိုင်ငံရေး ဆွေးနွေးပွဲများ ဖြစ်ပေါ်လာနိုင်မည်ဖြစ်သည်။

တာဝန်ခံမှုရှိသော ဒေသခံ လုံခြုံရေး ယန္တရားအောက်တွင် ဒေသခံ ပြည်သူများအား သူတို့၏ မြေယာများ၊ သဘာဝ သယံဇာတများကို ထိန်းချုပ်ပိုင်ခွင့် ပေးထားသည့် ဖက်ဒရယ် ဖွဲ့စည်းပုံ အခြေခံဥပဒေအောက်တွင် စစ်မှန်သော ငြိမ်းချမ်းရေးနှင့် အာဏာခွဲဝေမှုရှိသည့် အချိန်အထိ စက်ကိရိယာများ ဖြင့် ကျောက်တူးဖော်မှု အားလုံးနှင့် အခြား ရေမသယံဇာတ ထုတ်ယူမှု စီမံကိန်းများ အားလုံးကို ရပ်ဆိုင်းထားရန်အတွက်လည်း KWAT က တောင်းဆိုသည်။




ဝေ့ခါမြို့၊ ကချင်ပြည်နယ်

## ဝေ့ခါ ကျောက်စိမ်းမော် နယ်မြေ နောက်ခံသမိုင်းကြောင်း

ဝေ့ခါမြို့သည် ဖားကန့်၏ တောင်ဘက် ၁၀ မိုင်ခန့်အကွာတွင် တည်ရှိသည်။ လွန်ခဲ့သည့် နှစ်ပေါင်း ၄၀ ခန့် ဝေ့ခါမော်၌ ကျောက်စိမ်းတူးဖော်ရေးကို စက်ယန္တယားများဖြင့် လုပ်ကိုင်ခြင်းမရှိသေးခင်က အဓိကအားဖြင့် တောင်ယာလုပ်ကိုင်ကြသော ဒေသခံ ကချင်နှင့် ရှမ်း အိမ်ခြေ ၃၀၀ ခန့်သာ ရှိသော ရွာလေးတစ်ရွာသာ ဖြစ်သည်။ ယခင်ကာလက ရာစုနှစ်ချီကြာပြီဖြစ်သော ဝေ့ခါရွာကို ဂျန်ရန် လူမျိုးစု ကချင်ဒူဂါတစ်ဦးက အုပ်ချုပ်ခဲ့သည်။

ဖေ့ခါ၏ မူရင်း မြေမျက်နှာသွင်ပြင်မှာ သားရဲတိရစ္ဆာန်များ ကျက်စားသော သစ်တောထူထပ်သော တောင်တန်းများဖြစ်သည်။ "ဖေ့ခါ" ဆိုသည်မှာ "ခွေးခြေရာ" ဟုကချင်လိုခေါ်ဆိုခြင်းဖြစ်သော်လည်း အမှန်တကယ်အားဖြင့် ရွာပတ်ဝန်းကျင်တွင် တွေ့ခဲ့ရသည့် ကျားခြေရာများဖြစ်သည်။ သို့ရာတွင် ရွာသားများ ကြောက်ရွံ့မှုမရှိစေရန်အတွက် "ခွေးခြေရာ" ဟု ခေါ်ဆိုခဲ့ခြင်းဖြစ်သည်။

ကချင် လွတ်မြောက်ရေး တပ်မတော် နှင့် မြန်မာစစ်တပ်တို့အကြား ၁၉၉၄ ခုနှစ် အပစ်အခတ်ရပ်စဲရေး နောက်ပိုင်းတွင် ဖေ့ခါ အပါအဝင် ဖားကန့်နယ်မြေတွင် စက်ကိရိယာများဖြင့် ကျောက်စိမ်းတူးဖော်မှုများ စတင်လာခဲ့ပြီး ကျောက်စိမ်းမှော်များတွင် အလုပ်လုပ်ရန် အခြားသော ဒေသများမှ ရွှေ့ပြောင်းအလုပ်သမားများ စတင်ရောက်ရှိလာခဲ့ကြသည်။ ၂၀၁၀ ခုနှစ်နောက်ပိုင်းတွင် ကျောက်တူးဖော်မှုများကို ပိုမိုကြီးမားသော စက်များဖြင့် လုပ်ဆောင်ကာ ပိုမို အားကောင်းလာပြီး အလုပ်သမား အရေအတွက်လည်း တိုးပွားလာခဲ့သည်။

တဖြည်းဖြည်းနှင့် ဖေ့ခါ၏ မြေမျက်နှာသွင်ပြင်လည်း ပြောင်းလဲလာခဲ့သည်။ တောင်တန်းကြီးများမှာ အရေခွံခွာပြီး ကလီစာ ထုတ်ခံလိုက်ကြရသည်။ သစ်တောများနှင့် သားရဲတိရ စ္ဆာန်များ ပျောက်ဆုံးသွားခဲ့သည်။ ဖေ့ခါချောင်းမှာ ကျောက်မှော်မှ အမှိုက်များဖြင့် ပိတ်ဆို့သွားခဲ့ပြီး ရေလမ်းကြောင်းပြောင်းလဲကာရေကြီးမှုများကို ဖြစ်ပေါ်စေခဲ့သည်။

၂၀၁၀ ခုနှစ်သို့ရောက်သောအခါတွင် ဖေ့ခါတွင် အိမ်ခြေ ၄၀၀၀ ကျော်ခန့်အထိ ရှိလာကာ ထိုအိမ်ခြေများသည် ကျောက်စိမ်းမှော်နယ်မြေနှင့် ကပ်လျက် ရွာများ သို့မဟုတ် "လုပ်ကွက်များ" ပေါ်တွင် တည်ဆောက်ထားသည်။

ဇူလိုင်လ ၂ရက် မြေပြိုမှုဖြစ်ပွားခဲ့သော အကြီးဆုံး မှော်ဖြစ်သည့် "ဖေ့ခါမှော်" သည် မြို့၏အနောက် တောင်ဘက်တွင် တည်ရှိသည်။ ထိုနေရာသည်ယခင်က တောင်တန်းများ ဖြစ်ခဲ့ကာ လက်ဝါး ကပ်တိုင်ကြီးတစ်ခု စိုက်ထူထားသော "ဒေင်ဆုတောင်းတောင်" နေရာဖြစ်ခဲ့ပြီး ယခုအခါ ပေ ၁၀၀၀ နက်သော ချောက်ကြီး ဖြစ်လာခဲ့သည်။

ဖေ့ခါ မှော်တွင် လူသေဆုံးမှု ဖြစ်စေခဲ့သော ကြီးမားသည့် မြေပြိုမှု နှစ်ကြိမ် ဖြစ်ပွားခဲ့ပြီးဖြစ်သည်။ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ၊ ၁၂ ရက်နေ့ မြေပြိုမှုတွင် လူ ၂၀ သေဆုံးခဲ့ပြီး ၂၀၁၈ ခုနှစ် မေလ၊ ၄ ရက်နေ့တွင် လူပေါင်း ၁၀၀ ခန့်သည် ပြိုကျလာသော မြေကြီးအောက်တွင် မြုပ်နှံပြီး ဖြစ်သွားခဲ့သည်။ အလောင်း သုံးလောင်းသာ ပြန်လည်ရရှိခဲ့သည်။



ယခုမိုင်းတွင်းဖြစ်သွားသော ဖေ့ခါချောင်း တံတား

# ဝေ့ခါ မော်တွင် လုပ်ကိုင်နေသော ကုမ္ပဏီများ

ဝေ့ခါမော်ကို လုပ်ကွက်များ ရာနှင့်ချီ၍ ခွဲထားရာ အများစုမှာ အရွယ်အစားအားဖြင့် တစ်ဧက ရှိသည်။ ဤလုပ်ကွက်များအတွက် တူးဖော်ခွင့် ပါမစ် အများစုကို ဦးသိန်းစိန် အစိုးရလက်ထက်တွင် ချပေးခဲ့ခြင်းဖြစ်ပြီးယခု သက်တမ်းကုန်နေပြီ ဖြစ်သည်။

၂၀၁၈ ခုနှစ်တွင် ရရှိထားခဲ့သော တူးဖော်ခွင့် ပါမစ်များ၏ တရားဝင် စာရင်းအရ ၂၀၂၀ ခုနှစ်တွင် ဝေ့ခါနယ်မြေတွင် တူးဖော်ခွင့် ပါမစ်များရရှိသော ကုမ္ပဏီ ၁၇ ခုရှိသည်။ ယင်းပါမစ်များ၏ ထက်ဝက်မှာ ၂၀၂၀ ခုနှစ် ဇွန်လ အတွင်း သို့မဟုတ် ဇွန်လ မတိုင်မီသက်တမ်းကုန်ဆုံးခဲ့သည်။ (ကုမ္ပဏီစာရင်းကို နောက်ဆက်တွဲတွင်ကြည့်ပါ)

၂၀၂၀ ခုနှစ် ဇွန်လတွင် ဝေ့ခါမော်နယ်မြေတွင် လုပ်ကိုင်နေသော အဓိက ကုမ္ပဏီ သုံးခုရှိသည်ဟု ဒေသခံများက ပြောသည်။ ယင်းတို့မှာ ရတနာကြယ်၊ ရောရတနာ နှင့် ၁၁၁ ကုမ္ပဏီများ ဖြစ်သည်။ ကုမ္ပဏီ သုံးခုစလုံးသည် ကိုဗစ်-၁၉ ပိတ်ပင်မှုများအကြားတွင် ဆက်လက် လုပ်ကိုင်နေခဲ့ကြခြင်းဖြစ်သည်။

ရတနာကြယ်သည် ဝေ့ခါမော်တွင် တစ်ဧက လုပ်ကွက် ကိုးခုရရှိထားခဲ့ပြီး ၂၀၂၀ ခုနှစ် ဇွန်လ ၁၁ ရက်တွင် သက်တမ်းကုန်ဆုံးသည်။

ရောရတနာသည်လည်း ဝေ့ခါတွင် တစ်ဧက လုပ်ကွက် ကိုးခုရှိပြီး ယင်းတို့အနက်မှ တစ်ကွက်သည် ၂၀၂၀ ခုနှစ် ဇန္နဝါရီလ နှင့် လေးကွက်သည် ဇွန်လတွင် သက်တမ်းကုန်ဆုံးကာ တစ်ကွက်မှာ ၂၀၂၀ ခုနှစ် အောက်တိုဘာလနှင့် သုံးကွက်မှာ ဒီဇင်ဘာလတွင် သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။

၁၁၁ (တစ်သုံးလုံး)မှာ ၎င်းအမည်ဖြင့် မည်သည့် ပါမစ်မျှ မရှိသော်လည်း တစ်သုံးလုံးအောက်ရှိ နေကြာ ရတနာသည် ၂၀၂၀ ခုနှစ် အောက်တိုဘာလတွင် သက်တမ်းကုန်ဆုံးမည့် လုပ်ကွက်တစ်ခုအတွက် ပါမစ်ရရှိထားသည်။

ရတနာကြယ်သည် မြန်မာစစ်တပ်နှင့် တိုက်ရိုက်ပတ်သက်လျက်ရှိသည်။ ယင်းသည် စစ်တပ်က ပိုင်ဆိုင်သည်ဟု လူသိများသော မြန်မာ သူရ ရတနာများ ကုမ္ပဏီ အောက်တွင် ရှိသည်။ ဘေးအန္တရာယ် ကပ်ဆိုးကြီး ဖြစ်ပွားခဲ့သည့် နေ့တွင် မြန်မာ ကာကွယ်ရေး ဦးစီးချုပ်၏ ဝက်ဘ်ဆိုက် စာမျက်နှာတွင် ဖြစ်ရပ်နှင့် ဆက်နွယ်သော

*"ယနေ့နံနက် ၇ နာရီ ၄၅ မိနစ်ခန့်တွင် ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဆိပ်မူ ကျေးရွာအုပ်စု ဝေ့ခါရွာ အနီး ရတနာကြယ် ကုမ္ပဏီ၏ တူးဖော်သော နေရာတွင် အမြင့် ပေ ၅၀၀ ခန့်ရှိ မြေကြီးအက်ကြောင်း နေရာမှ ဆိုးရွားသော မြေပြိုမှုတစ်ရပ် ဖြစ်ပွားခဲ့သည်။ သို့ဖြစ်ရာ နုံးမြေများသည် လုပ်ငန်း ရပ်ဆိုင်းထားသော ကုမ္ပဏီ၏ လုပ်ကွက်ရှိ ရေကန်အတွင်းသို့ ကျရောက်ခဲ့ခြင်းဖြင့် လှိုင်းများ ဖြစ်ပေါ်ကာလက်လုပ်လက်စား ကျောက်စိမ်းတူးဖော်သူများအား ရိုက်ခတ်ခဲ့သည်။ ဤဖြစ်ရပ်တွင် လက်လုပ်လက်စား ကျောက်တွင်းသမားများ ပျောက်ဆုံးနေပြီး လှိုင်းများနှင့် မျောပါသွားကြသည်။"*[၁]


[၁] http://cincds.gov.mm/node/8186

ရတနာကြယ်ကုမ္ပဏီကို အမည်ဖော်ပြ ထားသော်လည်း ယင်းသည် လုပ်ငန်းများ ရပ်ဆိုင်းထားပြီး ဖြစ်ကြောင်း ဖော်ပြထားသည်။

ဘေးအန္တရာယ် ကျရောက်သော နေရာသို့ အထူးစုံစမ်းရေး အစိုးရအရာရှိများ သွားရောက်ကြည့်ရှုမှု အပေါ် သတင်းတင်ပြထားသည့် ဇူလိုင်လ ၆ ရက် New Light of Myanmar သတင်းစာ ဆောင်းပါး တစ်ပုဒ်တွင် မြန်မာ သူရ ကျောက်မျက် ပုဂ္ဂလိက ကုမ္ပဏီ အုပ်စုတစ်ခုတည်းကိုသာ ဖော်ပြထားသည်။ ထိုဆောင်းပါးထဲတွင်ပင် မြန်မာ သူရကျောက်မျက် ကုမ္ပဏီသည် မြန်မာ့ ကျောက်မျက်နှင့် လက်ဝတ်ရတနာ စွန့်ဦးတီထွင်သူ အစည်းအရုံးနှင့် အတူ ဘေးအန္တရာယ် ကျရောက်ခံရသူများကို ငွေကြေးများ ပေးခဲ့ကြောင်းလည်း ဖော်ပြထားသည်။

မြန်မာ သူရ ကျောက်မျက်သည် ၂၀၁၉ ခုနှစ် ဧပြီလ ၂၂ ရက်နေ့က ဖားကန့်တွင် ကြီးမားသော နောက်ထပ် မြေပြိုမှုဖြစ်ပွားခဲ့ပြီး အလုပ်သမား ၅၀ ကျော် သေဆုံးခဲ့သည့် နေရာတွင်လည်း လုပ်ကိုင်နေခဲ့သည်။

(၉) ဓနုခါ(စော်ဘွားချောင်း၊မော်သစ်ကုန်း၊ကတုံးရပ်၊လဆူးချောင်)မော်လုပ်ကွက်များပြမြေပုံကြမ်း




- ရှော ရတနာ
- ရတနာ ကြယ်
- ချောင်းဖျားသား
- မြန်မာကျောက်စိမ်းလုပ်ငန်း အင်အားစု
- ဂျိတ်လဲန်း
- ရန်ဒရာဝွန်
- စိုင်းအင်ဂိုင်း
- ဟိုးအင်ဝမ်း
- ကျောက်စိမ်းသခင်
- ထွန်းရွှေရည်
- ဒွဲဒါလင်
- နယ်မြား ရတနာ
- ဆုထူးယန်
- ဘုံးဂါး
- ရွှေပါမြေ
- ၂၀၂၀ခုနှစ် ဇူလိုင်လ ၂ရက်နေ့ မြေပြိုမှု ဖြစ်သည့် နေရာ

၂၀၂၀ ခုနှစ်၊ ကျောက်စိမ်းတူးဖော်ခွင့် ရရှိသော ကုမ္ပဏီများနှင့် လုပ်ကွက်များ

# ဖေု့ခါ နယ်မြေ လုံခြုံရေး

၁၉၉၄ ခုနှစ် အပစ်အခတ်ရပ်စဲရေး မတိုင်မီက ဖားကန့်နယ်မြေသည် ကချင်လွတ်မြောက်ရေး တပ်မတော် တပ်ရင်း ၆၏ ထိန်းချုပ်မှုအောက်တွင် ရှိခဲ့ပြီး မူလက ဌာနချုပ်ကို ဖေု့ခါတွင်အခြေစိုက်ဖြစ်သော်လည်း နောက်ပိုင်းတွင် ဖားကန့် မြောက်ဘက် ဂင်စီ (ကံစီး) တွင်ရွှေပြောင်းသွားသည်။ ၂၀၁၁ ခုနှစ် ဇွန်လ အပစ်အခတ်ရပ်စဲရေး ပျက်ပြားသည့်အခါတွင်မြန်မာစစ်တပ်က ကျောက်စိမ်းတွင်းများကိုထိန်းချုပ်နိုင်ရန်အတွက် ကချင်လွတ်မြောက်ရေး တပ်မတော် အပေါ် အလွန်ပြင်းထန်သော ထိုးစစ်များ ပြုလုပ်ခဲ့ပြီး ဖားကန့်ပတ်ဝန်းကျင်ရှိ ကချင်လွတ်မြောက်ရေး တပ်မတော် စခန်းများကို တဖြည်းဖြည်း တိုးချဲ့သိမ်းယူခဲ့ကာ ၂၀၁၅ တွင် နောက်ဆုံးအနေဖြင့် ဂင်စီ(ကံဆီး) တွင်ရှိသော ကချင်လွတ်မြောက်ရေး တပ်မတော် တပ်ရင်း ၆ ဌာနချုပ်ကို သိမ်းပိုက်နိုင်ခဲ့ပြီး ကချင်လွတ်မြောက်ရေး တပ်မတော် ကို ကျောက်တွင်း နယ်မြေမှ မောင်းထုတ်ခဲ့သည်။




ဖေု့ခါရှိ မြန်မာစစ်တပ်ရှိရာ နေရာ

တိုက်ပွဲများကြောင့် ထောင်နှင့်ချီသော ရွာသားများ အိုးအိမ်စွန့်ခွာထွက်ပြေးကြရပြီး ၎င်းတို့ထဲမှ အများအပြားမှာ ပြည်တွင်းရွှေ့ပြောင်း ဒုက္ခသည် စခန်းများတွင် နေထိုင်လျက် ရှိပြီး မြန်မာစစ်တပ်ကို ကြောက်ရွံ့သောကြောင့် ၎င်းတို့၏ နေအိမ်များသို့ မပြန်ရဲပဲ ရှိနေကြသည်။ ဖားကန့်ရှိ စစ်တပ်၏ ချိုးဖောက်မှုများတွင် ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်က ခမရ ၃၈၉ တပ်ရင်းမှ တပ်ဖွဲ့ဝင်များက အသက် ၁၄ နှစ်အရွယ် ကျောင်းသူ ဂျာဆိုင်းအိန်အား ပစ်သတ်မှုလည်း ပါဝင်သည်။ သူမ၏ အဖေက မြန်မာ လူ့အခွင့်အရေး ကော်မရှင်သို့ မြန်မာစစ်တပ် တပ်ဖွဲ့များမှ သူ၏သမီးကို သတ်ဖြစ်ကြောင်း စွပ်စွဲတိုင်ကြားသည့်အတွက် စစ်တပ်အပေါ် "မှားယွင်းစွာ" စွပ်စွဲသည်ဟုဆိုကာ ရာဇသတ်ဥပဒေ ပုဒ်မ ၂၁၁ အရ ထောင်ဒဏ် နှစ်နှစ် ကျခံခဲ့ရသည်။

ဖားကန့်ကို ထိန်းချုပ်နိုင်ခဲ့ချိန်မှစ၍ မြန်မာစစ်တပ်သည် ထိုနယ်မြေလုံခြုံမှုအတွက် အထူး ခြေမြန် တပ်မများကို တိုးချဲ့ချထားခဲ့သည်။ ဤအထူး ခြေမြန်တပ်မများ၏ ပုံမှန် တာဝန်မှာ စစ်ဆင်ရေးများအတွင်းတွင် နယ်မြေခံ တပ်ဖွဲ့များကို အားဖြည့်ရန် ဖြစ်သည်။ သို့ရာတွင် နှစ်ပေါင်းများစွာ တိုက်ပွဲကြီးကြီးမားမား ဖြစ်ပွားခြင်းမရှိတော့သည့် ဖားကန့်တွင် ၎င်းတို့၏ အဓိက ရည်ရွယ်ချက်မှာ ကျောက်စိမ်းထုတ်လုပ်မှုလုပ်ငန်းများကို လုံခြုံရေး ပေးရန်နှင့် စစ်တပ်၏ ဂုဏ်သိက္ခာကို ကာကွယ်ရန် ဖြစ်သည်မှာ ရှင်းလင်းပေသည်။ ၂၀၁၈ ခုနှစ်တွင် ဒေသခံ တက်ကြွလှုပ်ရှားသူများက မြန်မာစစ်တပ်၏ လူ့အခွင့်အရေး ချိုးဖောက်မှုများကို ဖော်ပြထားသည့် စာစောင်များကို ဖြန့်ဝေခဲ့သည့်အခါ ကချင်လူထု ခေါင်းဆောင်တစ်ဦးကို ဒေသအတွင်း အခြေစိုက်သော ခြေမြန်တပ်မ ၁၀၁ မှ စစ်တပ် အရာရှိတစ်ဦးက အသရေဖျက်မှုဖြင့် တရားစွဲဆိုခဲ့သည်။

၂၀၁၈ ခုနှစ် မေလမှ စ၍ တပ်ရင်း ၁၀ ရင်းပါဝင်ပြီး ရက်စက်ကြမ်းကြုတ်မှုဖြင့် နာမည်ပျက် နေသော တပ်မ ၃၃ က (ခြေမြန်တပ်မ ၁၀၁ ကိုအစားထိုးလျက်) ဖားကန့်တွင် အခြေစိုက်ခဲ့သည်။ စနစ်တကျ မုဒိမ်းပြုကျင့်ခြင်း အပါအဝင် ၂၀၁၇ ခုနှစ်တွင် ရိုဟင်ဂျာများအပေါ် ရက်စက် ကြမ်းကြုတ်မှုများဖြင့် လူသိများသော တပ်မ ၃၃ သည် ကချင်နယ်မြေတွင်လည်း ၂၀၁၁ ခုနှစ် ကချင်လွတ်မြောက်ရေး တပ်မတော် နှင့် တိုက်ပွဲများ ပြန်လည်ဖြစ်ပွားပြီးနောက်တွင် အရပ်သားများအပေါ် ရာဇဝတ်မှု ထပ်မံကျူးလွန်ခြင်းများအတွက် နာမည်ပျက်ခဲ့သည်။

တပ်မ ၃၃ သည် ဖားကန့်တွင် အခြေစိုက်ပြီး တပ်မမှူးမှ ဝေ့ခါ အပါအဝင် ပတ်ပတ်လည် နယ်မြေတွင် အခြေစိုက်သည့် တပ်ရင်းများကို ကြီးကြပ်သည်။ ထို ပြန့်ကျဲနေသော တပ်ဖွဲ့များသည် စစ်တပ်၏ တိုက်ရိုက် ကွပ်ကဲမှုအောက်တွင်ရှိသော အထူးတိုက်ခိုက်ရေး ရဲများနှင့်အတူ မော်နယ်မြေများ၏ လုံခြုံရေးအတွက် တာဝန်ပေးခံရသည်။ အထူးတိုက်ခိုက်ရေး ရဲများကို ဖားကန့်တွင် လွန်ခဲ့သည့် ခြောက်နှစ်က ချထားခဲ့ပြီး မော်နယ်မြေအများစုတွင် ရှိကြသော်လည်း ဝေ့ခါ တွင် မရှိပဲ စစ်တပ်ကသာ လုံခြုံရေး တာဝန်ယူထားသည်။ ဝေ့ခါမှာ သီးခြားတည်ရှိနေသောကြောင့် ဖြစ်နိုင်သည်။

ဘေးအန္တရာယ် ကျရောက်ချိန်တွင် ဝေ့ခါ တပ်စခန်းတွင် ရှိနေသည့် တပ်မှူးမှာ ဇေယျာညို ဖြစ်သည်။

## ရေမဆေးသမားများအား စစ်တပ်မှ "အခွန်ကောက်ခြင်း"

ဖားကန့်ရှိမြန်မာစစ်တပ် တပ်ဖွဲ့များသည် ဒေသခံ ပြည်သူများ၏ လုံခြုံမှုနှင့်အသက် အိုးအိမ်ကို ကာကွယ်ရန်ဖြစ်သော်လည်း လက်ရှိ မြန်မာစစ်တပ် လုပ်ဆောင်နေသည်မှာ ၎င်းတို့ဆီသို့ ဝေစု မရောက်နိုင်သော ကျောက်စိမ်း "ခိုးယူနေသူများ" ထံမှ ကာကွယ် နေခြင်း သာဖြစ်သည်။ ယင်းမှာ ကုမ္ပဏီများက ကျောက်စိမ်းကို စက်ကရိယာများဖြင့် တူးဖော်ခြင်းကို တားမြစ်ရန်သာ မဟုတ်ပဲ (ကုမ္ပဏီများက ဒေသခံစစ်တပ်များကို ပုံမှန် ငွေကြေးပေးရသည်) ရေးမဆေးသမားများ၏ လုပ်ငန်းစဉ်တွင် စွန့်ပစ်ထားသော ကျောက်ပုံများမှ တွေ့ရှိလာသော ကျောက်စိမ်းတုံးငယ်များမှ ၎င်းတို့အတွက် ခွဲတမ်းရယူရန် လည်း ပါဝင်သည်။

၂ မြန်မာနိုင်ငံ၏ "ကြီးမားသည့် နိုင်ငံတော် လျှို့ဝှက်ချက်" ၂၀၁၅ခုနှစ်၊ အောက်တိုဘာလ

ဤသို့ ရေမဆေးကျောက်သမားများထံမှ "အခွန်" ကောက်ခြင်းသည် စစ်တပ်အတွက် ခိုင်မာသော ဝင်ငွေ အရင်းအမြစ်တစ်ခုကို ဖြစ်စေသည်။ နေပြည်တော်ရှိ စစ်တပ် အထက်တန်းလွှာများမှာ ကျောက်စိမ်းကုမ္ပဏီများ၏ ရှယ်ယာများမှ အကျိုးအမြတ်များရရှိပြီး စက်ပစ္စည်းများဖြင့် ထုတ်လုပ်သော ကျောက်စိမ်းမှ ကြီးမားသော ပမာဏ (Global Witness က ကျောက်စိမ်းလုပ်ငန်း၏ ၂၀၁၄ ခုနှစ် တစ်နှစ်တန်ဖိုးကို အမေရိကန်ဒေါ်လာ ၃၁ ဘီလီယံရှိမည်ဟု ခန့်မှန်းထားသည်)[၂] ရရှိနေကြောင်းမှာ ယေဘုယျ သိနားလည်ထားပြီးဖြစ်သည်။ စစ်တပ်က ကျောက်စိမ်းတွင်းများမှ အကျိုးအမြတ်ကို နောက်ဆုံး တစ်စက်ကျန်သည်အထိ တရားဝင် ကျောက်တူးဖော်ရေး ရာသီ အတွင်း နှင့် အပြင် နှစ်ခုစလုံးတွင် ရေမဆေးသမားများထံမှ ကျောက်စိမ်း အခွန်ကောက်ခြင်းဖြင့် ရယူသည်မှာ လူသိမများလှပေ။

ရေမဆေးကျောက်ရှာဖွေသည့် လုပ်ငန်းကို တင်းကြပ်စွာ ထိန်းချုပ်ထားသည်။ ကျောက်စိမ်း တစ်လုံးကို တွေ့သည့် အခါတိုင်းတွင် အနီးအနားရှိ ဒေသခံ အရောင်းအဝယ် သမားထံ ယူဆောင်လာသည်၊ ထိုသူက ကျောက်ကို တန်ဖိုးဖြတ်ပြီး ကျောက်တုံးကို ပေးချေ၍ ဝယ်ယူသည်။ အလွန်အဖိုးတန်ပါကမူ ထိုလုပ်ကွက်ကို လုပ်ကိုင်သော ကုမ္ပဏီက ကျောက်တုံးကို ချက်ချင်း သိမ်းယူပြီး ရေမဆေး ကျောက်ရှာသူမှာ ဘာမှ မရတော့ပေ။ အရောင်းအဝယ်သမားက ကျောက်တုံးကို ဝယ်ယူခဲ့ပါက အများအားဖြင့် ရေမဆေးသမား၏ အလုပ်ရှင် "လောပန်း"၊ မြန်မာစစ်တပ် နှင့် ထိုကျောက်တွင်းနေရာကို လုပ်ကိုင်နေသော ကုမ္ပဏီတို့အကြား ခွဲဝေယူသည်။ ဒေသခံတပ်ဖွဲ့များကို ပေးသော ပိုက်ဆံကို မြောက်ပိုင်းတိုင်း တိုင်းမှူးအပါအဝင် အဆင့်အမျိုးမျိုးရှိ တပ်မှူးများကို ခွဲဝေပေးရသည်။



ရေမဆေးသမားများ ကျောက်ရှာရန် အခွင့်ပေးသည့်အချိန်ကို စောင့်နေစဉ် မြန်မာစစ်တပ်မှ ကျောက်တွင်းဂိတ်တွင် စောင့်ကြပ်နေခြင်း

ရေမဆေးသမားများထံမှ စစ်တပ်၏ တိုက်ရိုက် အကျိုးအမြတ်ရရှိနေခြင်းကြောင့် မိုးရာသီ စတင်ခဲ့ပြီးနောက် တည်ငြိမ်မှု မရှိသည့် လက္ခဏာများ ရှင်းရှင်းလင်းလင်း တွေ့မြင်နေရသော်လည်း ဖားကန့်ကျောက်တွင်းကို ပိတ်မပစ်လိုက်ရသည့် အကြောင်းရင်း ဖြစ်သည်။

## ဘေးအန္တရာယ် ကပ်ဆိုးကြုံတွေ့ရခြင်း

ဘေးအန္တရာယ် ကပ်ဆိုး မကျရောက်မီ လအနည်းငယ်က ဖားကန့်ရှိ အဓိက ကုမ္ပဏီများ ဖြစ်သော ရတနာကြယ်၊ ရောရတနာနှင့် ၁၁၁ တို့တွင် ရောမ မြေသယ်ကား နှင့် မြေတူးကားများ အများအပြားရှိသည်။ ၎င်းတို့က တောင်ဇောင်းများတွင် ဒိုင်းနမိုက်များကို အသုံးပြုခြင်းကြောင့် ကျောက်မှော်၏ အစွန်းများတွင် ပေ ၁၀၀၀ မြင့်သော ချောက်ကမ်းပါးကြီးများ ဖြစ်ပေါ်စေသည်။

ကုမ္ပဏီများ အလုပ်လုပ်နေစဉ်အတွင်းတွင် တပ်မ ၃၃ မှ တပ်ဖွဲ့များက မှော်၏ အဓိက ဝင်ပေါက်တွင် တပ်စွဲထားပြီး အခွင့်မရှိပဲ မဝင်နိုင်အောင် ထိန်းချုပ်ထားသည်။ မနက်ပိုင်း ၄ နာရီမှ ၆ နာရီအတွင်းနှင့် ညနေပိုင်း ၄ နာရီမှ ၆ နာရီအတွင်းတွင် ရေမဆေးကျောက်ရှာသူများအား စွန့်ပစ်မြေဇာများအကြားတွင် ရှာဖွေခွင့်ပြုထားသည်။ ကျောက်စိမ်းလုပ်ကွက်အတွင်း သူတို့၏ အဝင်အထွက်ကို တင်းတင်းကြပ်ကြပ် စောင့်ကြည့်သည်။




၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၂ရက် နေ့တွင် ဖြစ်ပွားသော မြေပြိုမှု ပြ မြေပုံ (မြေပြိုမှု မဖြစ်ခင် ၂၀၁၈ခုနှစ်တွင်ရိုက်ထားသည့် Google Earth ပုံဖြစ်သည်။)

ရေမဆေးသမားများ ရရှိလာသော ကျောက်စိမ်းများ အားလုံးကို မော်အပေါက်ဝနားတွင် ရှိနေသော ဝယ်သူကို ချက်ချင်း တန်ဖိုးဖြတ်၍ ရောင်းချရပြီး စစ်တပ်အတွက် ဝေစုကို ပိုက်ဆံဖြင့် ချက်ချင်း လက်ထဲထည့်ပေးရသည်။ ဇွန်လ အစောပိုင်း၌ ကျောက်တွင်း၏ မြောက်ဖက်အစွန်းတွင် အက်ကွဲကြောင်းများ စတင်ပေါ်လာခဲ့သည်။ ဒေသခံ ရွာဥက္ကဋ္ဌများက ဇွန်လ ၃ ရက်နေ့တွင် ထိုနေရာသို့ သွားရောက်ကြည့်ရှုခဲ့ကြပြီး ကမ်းပါးစွန်း အနီး သို့မဟုတ် ကျောက်မော် ဧရိယာ မည်သည့် နေရာတွင်မျှ သတိပေးဆိုင်းဘုတ် ရေးသားထားခြင်း မရှိသည်ကို တွေ့ခဲ့ကြရသည်။ (နောက်ပိုင်း သတင်းများတွင် ပါဝင်သော သတိပေးဆိုင်းဘုတ်မှာ ဘေးအန္တရာယ် ဖြစ်ပွားပြီးမှ ထောင်သော ဆိုင်းဘုတ်များ ဖြစ်သည်)

ကျောက်တွင်း၏ အစွန်းတွင် မတည်ငြိမ်မှု ရှိနေသော်လည်း ကုမ္ပဏီများက အင်တိုက်အားတိုက် ဆက်လက်တူးဖော်ခဲ့ကြပြီး မိုးရာသီကာလ တရားဝင် ပိတ်သိမ်းသည့် ဇွန်လ ၂၅ ရက်နေ့အထိ ဒိုင်းနမိုက်များကို အသုံးပြုခဲ့ကြသည်။ ဇွန်လ ၂၇ ရက်နေ့တွင် ကုမ္ပဏီများက ကျောက်တွင်းမှ ၎င်းတို့၏ စက်ကိရိယာများကို ရုတ်သိမ်းသွားကြသည်။

ကုမ္ပဏီများ အလုပ် ရပ်ဆိုင်းသည့်အခါ စစ်တပ်က ရေမဆေးသမားများ ကျောက်တွင်းအတွင်း ဝင်ရောက်မှုအား ကြီးကြပ်မှုကို ရပ်ဆိုင်းလိုက်သည်။ ရေမဆေးသမားများသည် အချိန်အကန့်အသတ်မရှိပဲ ကျောက်တွင်းသို့ ဝင်ရောက် ရှာဖွေတူးဆွခွင့် ရရှိခဲ့ကြသည်။ သို့ရာတွင် ရေမဆေးသမားများက ၎င်းတို့၏ ကျောက်စိမ်းများကို ပုံမှန် ရောင်းဝယ်သူများထံ အပ်နှံခြင်းရှိမရှိ စီစစ်ရန် စစ်တပ်က ဆက်လက်ပြီး ကျောက်တွင်းဧရိယာ ပတ်ဝန်းကျင်တွင် စောင့်ကြပ်နေဆဲဖြစ်သည်။

ဒေသအတွင်း ကင်းလှည့်နေသော တပ်ဖွဲ့များသည် ၎င်းအခါ ကျောက်တွင်း၏ အစွန်းများတွင် မတည်ငြိမ်မှု လက္ခဏာများကို တွေ့ရှိရမည်ဖြစ်သော်လည်း ကျောက်တွင်းအတွင်းသို့ ရေမဆေးသမားများ ဝင်ရောက်ခြင်းကို ဟန့်တားရန် ကြိုးပမ်းခြင်း မရှိခဲ့ကြပေ။

ဇွန်လ နောက်ဆုံးပတ်တွင် အဆက်မပြတ် မိုးသည်းထန်စွာ ရွာသွန်းခဲ့၍ ၎င်းအခါ ဒေသခံများက ကျောက်တွင်းပြိုကျမည်ကို စိုးရိမ်မှုများ ရှိခဲ့သည်။ ဇူလိုင်လ ၂ ရက် မနက် ၆ နာရီတွင် ဒေသခံ ရွာဥက္ကဋ္ဌ တစ်ဦးသည် ကျောက်တွင်းနယ်မြေ ပြိုကျမည်ကို စိုးရိမ်လျက် သွားရောက်ကြည့်ရှုခဲ့သော်လည်း ဘာမှ မတွေ့ရှိခဲ့ပဲ အိမ်ပြန်လာခဲ့သည်။


မနက် ၈ နာရီတွင် ရုတ်တရက် ကျောက်တွင်း၏ မြောက်ဘက် အစွန်းတစ်ခုလုံးသည် ပြိုကျလာခဲ့ပြီး ကျောက်တွင်း အောက်ခြေတွင်ရှိသော ရေကန်ထဲမှ ရေများကို ဖယ်ထုတ်ပစ်လိုက်သည်။ ကျောက်တွင်း အောက်ခြေရှိ ဧရာမ ရေ၊ ရွှံ့နွံနှင့် ကျောက်တုံးကျောက်ခဲ လှိုင်းကြီးများက အောက်ခြေကြမ်းပြင်တလျှောက် ထိုးချသွားခဲ့ပြီး ထိုနေ့နံနက်စောစော ကတည်းက ကျောက်စိမ်းရှာဖွေနေကြသော ရာနှင့် ချီသော ရေမဆေးကျောက်ရှာသူများကို နှစ်မြှုပ်သွားစေ ခဲ့သည်။

---

[9] ၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့တွင် KWAT မှ ရှင်သန်လွတ်မြောက်လာသူနှင့် မေးမြန်းထားသည်။

ကံကောင်း၍ လွတ်မြောက်လာသော ရေမဆေးသမားတစ်ဦးက ၎င်း၏အတွေ့အကြုံကို ယခုကဲ့သို့ ပြန်ပြောပြသည်။

*"မနက် ၅ နာရီမှာ သူငယ်ချင်း နှစ်ယောက်နဲ့ ကျောက်တွင်းကို သွားခဲ့တယ်။ ကျောက်စိမ်းတူးဖို့ သံတိုင်တွေ ယူသွားတယ်။ (ဝှေ့ခါးမှာ) လူ ၁၀၀၀ လောက်လည်း ကျောက်ရှာနေကြတယ်။ ကျောက်တွင်းနယ်မြေကို ဂင်ပေါက် သုံးခုရှိတယ်၊ အနောက်ဘက်၊ အရှေ့ဘက်နဲ့ တောင်ဘက်တွေမှာပါ။ အန္တရာယ် ကြီးကြီးကျယ်ကျယ်ရှိမယ်လို့ ကျွန်တော်တို့ မထင်ခဲ့ကြဘူး။ မြေပြိုခဲ့ရင်တောင် မှော်တောင်ဘက် (ဝှေ့ခါး၏ အခြားနေရာတစ်ခု) ပဲ ဖြစ်မယ်၊ ကျွန်တော်တို့တော့ ထိခိုက်မှာ မဟုတ်ဘူးလို့ ထင်ခဲ့တယ်။ ရုတ်တရက် ဆိုးရွားသည့် မြေပြိုမှုကြီး ဖြစ်လာတယ်။ မြေစပြိုတာနဲ့ ကျွန်တော်က ပိုမြင့်တဲ့ နေရာဘက်ကို ပြေးဖို့ကြိုးစားတယ်။ ဒါပေမယ့် လှိုင်းတွေက အားကောင်းလွန်းတော့ ကျွန်တော့်ကို အောက်ဘက်ဆွဲ ယူသွားတယ်။ ကျွန်တော် ရေအောက်မှာ ဆယ်မိနစ်လောက် ရောက်သွားခဲ့တယ်။ ကျွန်တော်တချိန်လုံးပဲ ဆုတောင်းနေခဲ့တယ်။ ကျွန်တော့်မှာ မိဘတွေ ရှိသေးတော့ သူတို့ကို ကျွန်တော်က ကြည့်ဖို့လိုတယ်။ ကျွန်တော့် အနေနဲ့ ရွှံ့တွေ၊ရေတွေအောက်မှာ ညှပ်မသွားအောင် ကြိုးစားနိုင်ခဲ့တယ်။ ကျွန်တော့် သူငယ်ချင်းနှစ်ယောက်လဲ အသက်ရှင်တယ်။ ကျွန်တော့်မှာ ဘာအဝတ်အစားမှ မရှိတော့ဘူး။ ကျွန်တော့်အဝတ်တွေအားလုံး ရွှံ့တွေနဲ့ ရေတွေက ဆွဲချွတ်သလိုဖြစ်သွားတယ်။ ကျွန်တော့် ဖုန်းနဲ့ ကျွန်တော့် ပစ္စည်းတွေ အားလုံး ဆုံးရှုံးသွားတယ်။ (ကျောက်တွင်းအပြင်ဘက်) မြေစာပုံတွေပေါ်မှာ သတိပေး ဆိုင်းဘုတ်တွေ ထောင်ထားတာရှိပေမယ့် မြေပြိုမှု ဖြစ်တဲ့ ကျောက်တွင်းမှာတော့ တစ်ခုမှ မရှိဘူး။ အခုအတွေ့အကြုံကြောင့် နောက်ဆို ပိုသတိထားရတော့မယ်။"* [၉]




၂၀၂၀ခုနှစ်၊ ဇူလိုင်လ ၂ ရက်နေ့ မြေပြိုမှုဖြစ်ပွားပြီးနောက် ဝှေ့ခါးမြို့ အခြေအနေ။

ဘောအွန္တရာယ် ကျရောက်သည့် တစ်ရက်တည်းမှာပင် ဒေသခံ ကယ်ဆယ်ရေး အဖွဲ့များက အလောင်း ၁၆၂ လောင်းပြန်လည် ရရှိခဲ့သည်။ ဒဏ်ရာ ရရှိသော ရေမဆေးကျောက်သမား ၅၄ ဦးကို ဆေးကုသရန် ဖားကန့်ဆေးရုံသို့ ယူဆောင်သွားခဲ့ကြသည်။

နောက် ရက်အနည်းငယ်အကြာတွင် နောက်ထပ် အလောင်းများ ထပ်မံတွေ့ရှိခဲ့ကြပြီး တရားဝင် စုစုပေါင်း သေဆုံးသူ ၁၇၂ ဦး ထိ ရှိခဲ့သည်။ သို့ရာတွင် ဒေသခံများမှ ရေမဆေးသမား အယောက် ၁၀၀ ခန့် ရွှံ့များအောက်တွင် နစ်မြုပ် သေဆုံးနိုင်ခြေရှိသေးသည်ဟု ခန့်မှန်းကြသည်။

ဇူလိုင်လ ၃ ရက်နေ့တွင် ဘောအွန္တရာယ် ကျရောက်သော နေရာအနီးတွင် သေဆုံးသူ အများစုကို အစုလိုက် အပြုံလိုက် မြုပ်နှံခဲ့သည်။

သေဆုံးသူအများစုမှာ အသက် ၂၀ နှင့် ၃၀နှစ် အတွင်းဖြစ်ကြပြီး မြန်မာပြည် အလယ်ပိုင်းနှင့် ရခိုင်ပြည်နယ်များမှ လာကြသည့် ရွှေ့ပြောင်းအလုပ်သမားများ ဖြစ်ကြသည်။ ထို့အပြင် မိမိတို့၏ ပညာရေးနှင့် အနာဂတ်အတွက် ငွေစုဆောင်းရန်လာကြသည့် လူငယ်များအပါအဝင် ဒေသခံ ကချင်လူငယ်များလည်း ပါဝင်သည်။

မြေပြိုမှုတွင် သေဆုံးသွားခဲ့သော ဒေသခံ ကချင်လူငယ်တစ်ဦး၏ မိခင်ဖြစ်သူက သူ့သားအကြောင်းကို အခုလို ပြောပြသည်။

*"ကျွန်မမှာ သားတစ်ယောက်နဲ့ သမီးတစ်ယောက်ပဲ ရှိတယ်။ တစ်နှစ်လုံး ကျောက်တွင်းကို မသွားပဲ အဲဒီနေ့ မနက်ပဲ သူက အဲဒီကို (ဝေ့ခါ ကျောက်တွင်းကို) သွားတယ်။ ကျွန်မက ကျွန်မရဲ့ အနာဂတ်တစ်ခုလုံးကို သူ့အပေါ်ပဲ ပုံထားတာ။ ကျွန်မတို့မှာ အိမ်မရှိတော့ ကျွန်မတို့ မိသားစုက အမျိုး အိမ်မှာနေတယ်။ လူကြီးဖြစ်လာတာနဲ့ သူက သူ့စွမ်းရည်နဲ့ မိသားစုကို ကောင်းကောင်းနေစေချင်တယ်။ သူပြောတယ် "အမေ၊ ကျွန်တော်အရမ်းကြိုးစားမယ်၊ ဒါပေမယ့် ကိုဗစ်-၁၉ ကြောင့် ကျွန်တော် ဘာအလုပ်မှ လုပ်လို့ မရဘူး။" ကျွန်မက သူ့ကို "မသွားနဲ့၊ အဲဒီကို မသွားနဲ့" လို့ သတိပေးတာတောင် အခုလို ဖြစ်သွားတာ။ သူက ဂျန်မိုင် ဘူဂါးဘုရားကျောင်းမှာ အမှုတော်ထမ်းနေပြီး လူငယ်တွေနဲ့ လူငယ်ခေါင်းဆောင်တွေ အများစုကသူ့ကို ကောင်းကောင်း သိကြတယ်။ သူ့ ဖေ့ဘွတ်ပေါ်မှာရေးခဲ့တာ သူက "ကျောက်စိမ်းက အကျိုးအမြတ်ရခဲ့ရင် အကျိုးအမြတ်အားလုံးဟာ ဘုရားကျောင်းနဲ့ နိုင်ငံအတွက်ဖြစ်ရမယ်" လို့ ရေးထားတယ်။ သူက ကြင်နာတတ်ပြီး လူတွေကို ကူညီတတ်တယ်။ သိပ်စိတ်ကောင်းရှိတယ်။"[၄]*

အမျိုးသမီးတစ်ဦး (အင်ဘာပါ စစ်ဘေးရှောင်စခန်းမှ ဖားကန့်ဝေ့ခါသို့လာပြီး ကျောက်လာတူးသူ) သည်လည်း သူမ၏ မတ် ကို ဆုံးရှုံးခဲ့ရကြောင်း ပြောပြလာသည်။

*"ကျွန်မ ညီမရဲ့ယောကျ်ားလဲ မြေပြိုမှုမှာ သေသွားတယ်။ သူက သဘောထားကောင်းပြီး ကူညီတတ်တယ်။ ကလေးတွေကို စောင့်ရှောက်ဖို့ အတွက် အလုပ်လည်းအရမ်း ကြိုးစားလုပ်တယ်။ သူ့ရွာမှာ နေလို့ မရတော့ အင်ဘာပါ စစ်ရှောင်စခန်းမှာ နေနေရတယ် ကျွန်မ တော်တော် စိတ်မကောင်းဘူး။ ဘာလို့လဲဆိုတော့ ဒီကို (ဝေ့ခါကို) လာဖို့ သူ့ကို ကျွန်မက ခေါ်ခဲ့တာ။ အခု သူက သေသွားပြီ၊ သူ့ ကလေး ငါးယောက် ကျန်ခဲ့တယ်။"*

[၄] ၂၀၂၀ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့တွင် KWATမှ မေးမြန်းထားသည်

## အစိုးရ၏ အဖြစ်သဘော တုန့်ပြန်မှု

ဇော့ခါ မြေပြိုမှုနှင့် ပတ်သက်၍ တရားဝင် တုန့်ပြန်မှုမှာ ယခုအထိ သဘောမျှလောက်သာ ဖြစ်ပြီး ပွင့်လင်းမြင်သာမှု အားနည်းသည်။

ဇော့ခါ မြေပြိုမှုကြောင့် လူ ရာနှင့်ချီ သေဆုံးမှု ဖြစ်ပြီး တစ်ရက်အကြာ သမ္မတက ဖြစ်ရပ်ကို စုံစမ်းစစ်ဆေးရန် ကော်မတီ တစ်ရပ် ဖွဲ့စည်းထားကြောင်း ကြေငြာသည်။ သို့ရာတွင် ၆ ဦးပါ ကော်မတီတွင် အဆင့်မြင့် စစ်တပ်အရာရှိကြီး တစ်ဦး ဖြစ်သည့် ပြည်ထဲရေး ဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး စိုးထွဋ် ပါဝင်နေသည်။ ၎င်းက ကျောက်စိမ်းလုပ်ငန်းတွင် ငွေကြေးမြောက်များစွာ ရင်းနှီးမြှုပ်နှံထားသော မြန်မာ စီးပွားရေး ဦးပိုင် လီမိတက် (MEHL) တွင် ရှယ်ယာဝင် တစ်ဦး ဖြစ်သည်။

ဇူလိုင်လ ၅ ရက်နေ့တွင် စုံစမ်းစစ်ဆေးရေး အဖွဲ့က ဖြစ်ရပ် ဖြစ်ပွားရာနေရာသို့ သွားရောက်ခဲ့ပြီး ထိခိုက်သူ အချို့အတွက် လျော်ကြေးငွေများပေးခဲ့သော်လည်း အနည်းဆုံး နှုန်းသာ ဖြစ်သည်။ ဇော့ခါရှိ တာဝန်ရှိသူများ၏ ပြောပြချက် အရ ပြည်ထောင်စု အစိုးရက သေဆုံးသူများ၏ မိသားစုတစ်စုစီအတွက် မြန်မာကျပ် ၂၉၀၀၀၀၀ (ကျပ် နှစ်ဆယ့်ကိုးသိန်း) သာ ပေးပြီး၊ ဒဏ်ရာ ရသူများအတွက် မြန်မာကျပ် ၂၀၀၀၀၀ (ကျပ်နှစ်သိန်း) သာ ပေးခဲ့ကြောင်း သိရသည်။ ကချင်ပြည်နယ် အစိုးရက သေဆုံး သို့မဟုတ် ဒဏ်ရာရသူ တစ်ဦးစီ အတွက် မြန်မာကျပ် ၁၀၀၀၀၀ (ကျပ် တစ်သိန်း) ပေးခဲ့သည်။

တချိန်တည်းမှာပင် မြေပြိုမှုအတွက် တာဝန်ရှိသူများကို ဖမ်းဆီးထားသည် ဟုဆိုသော်လည်း တရားခံများမှာ ခုတုံးလုပ်ခံရသူများ သာဖြစ်ပြီး ဖမ်းဆီးခြင်းနှင့် ပတ်သက်သည့် သတင်းအချက်အလက်များမှာ ပွင့်လင်းမြင်သာမှု မရှိပဲ ဒေသအဆင့်တွင် ဆုံးဖြတ်ခြင်းဖြင့် ပြီးဆုံးသွားသည်။ ဇူလိုင်လ ၇ ရက်နေ့တွင် New Light of Myanmar သတင်းစာက မြန်မာ့စစ်တပ်သည် "ဇော့ခါ ကျေးရွာအနီး ကျောက်တူး ဖော်ရေး နေရာများတွင် လုံခြုံရေး ကိစ္စရပ်များအတွက် တာဝန်ရှိသော အရာရှိများကို အရေးယူထားကြောင်း" ဖော်ပြထားပြီး စစ်တပ် အရာရှိနှစ်ဦးဖြစ်သော ကချင်ပြည်နယ် နယ်စပ် လုံခြုံရေးဆိုင်ရာ ဝန်ကြီး ဗိုလ်မှူးကြီး နေလင်းထွန်းနှင့် အခြား အမည်ဖော်ပြမထားသော စစ်တပ်အရာရှိတစ်ဦးတို့ကို "ဇူလိုင်လ ၃ ရက်နေ့ကတည်းက စစ်တပ်တာဝန်များ ထမ်းဆောင်ရန် ပြန်လည် ခေါ်ယူထားကြောင်း" ဖော်ပြထားသည်။

ယနေ့အထိ ပြန်လည်ခေါ်ယူခဲ့သော စစ်တပ်အရာရှိ မည်သူမည်ဝါဖြစ်သည်ကို မည်သူမျှ သိရှိခြင်း မရှိသေးပါ။ တပ်မ ၃၃ မှာ ဖားကန့် လုံခြုံရေးအတွက် ဆက်လက်ရှိနေသည်။

၂၀၂၀ ခုနှစ် ဇူလိုင်လ၊ ၁၃ ရက်နေ့တွင် ဇော့ခါကျောက်တွင်းရှိ ရေမဆေးရာဖွေသူများ၏ သူဌေး (လောပန်း) ၁၃ ဦးကို ကျောက်မျက်ဥပဒေ ပုဒ်မ ၅၀(က) ဖြင့် တရားစွဲမည်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြခဲ့ကြသည်။ ယခုအချိန်ထိ အမျိုးသား နှစ်ဦးနှင့် အမျိုးသမီး တစ်ဦး စုစုပေါင်း သုံးဦး အဖမ်းခံ ထားရပြီး သုံးနှစ်အထိ ထောင်ချနိုင်သော ပြစ်မှု စွပ်စွဲချက်များကို ရင်ဆိုင်နေရသည်။ ၎င်းတို့ကို ဖားကန့်ရှိ အကျဉ်းထောင်ထဲတွင် ထိန်းသိမ်းထားပြီး မည်သည့် မိသားစုဝင်များနှင့်မှ တွေ့ခွင့် မပြုပဲ ထားရှိသည်။

## သုံးသပ်ချက်နှင့် အကြံပြုချက်များ

ဇော့ခါကျောက်တွင်းတွင် မြန်မာစစ်တပ်၏ တာဝန်မှာ လုံခြုံရေးနှင့် ဥပဒေစိုးမိုးရေး ဖြစ်သော်လည်း ဇူလိုင် ၂ ရက်နေ့ လူအများသေဆုံးခဲ့ရသည့် ဝမ်းနည်းဖွယ်ဖြစ်ရပ်တွင် တာဝန်ခံခြင်း မရှိခဲ့ပေ။ ၎င်းတို့ တပ်ဖွဲ့များသည် ကျောက်တွင်းများကို အနီးကပ် စောင့်ကြပ်နေခဲ့ကြသည်။ သို့သော်လည်း ကုမ္ပဏီများ လည်ပတ်နေစဉ်အတွင်းတွင် မည်သည့် ဘေးကင်းလုံခြုံမှု စည်းမျဉ်း စည်းကမ်းများကိုမျှ ထုတ်ပြန်ခြင်း မပြုခဲ့ကြသလို မြေပြိုကျမည့် လက္ခဏာများကို အသေအချာ တွေ့သည့် အချိန်တွင်လည်း ကျောက်တွင်းသို့ ဝင်ရောက်မှုကို ပိတ်ပင်တားဆီးရန် ကြိုးပမ်းခြင်း မရှိခဲ့ကြပေ။

ကျောက်တွင်းအတွင်း အလုပ်လုပ်နေသော သူများ၏ အသက်များကို ကာကွယ်ခြင်း မရှိသည့် အကြောင်းရင်းမှာ ၎င်းတို့တွင်ရှိသော တာဝန်မှာ ကျောက်စိမ်းကို ကာကွယ်ရန်နှင့် ယင်းမှ စစ်တပ်အတွက် ဝေစုကို ကောက်ခံရရှိစေရန်အတွက်သာ ဖြစ်သည်။

ကျောက်တွင်းများကို စောင့်ကြပ်သည့် တပ်ဖွဲ့များမှာ - အရပ်သားများအပေါ် အစုအပြုံလိုက် ရက်စက်မှုများကို ကျူးလွန်သည်ဟု အမည်ပျက်ဖြင့် ကျော်ကြားသော တပ်မ ၃၃ ဖြစ်နေခြင်းမှာ စစ်တပ်၏ ဦးစားပေးချက်ကို ရှင်းရှင်းလင်းလင်း မြင်နိုင်ပေသည်။

ဇော့ခါတွင် ဖြစ်ပွားခဲ့သော မကြာသေးမီက ဘေးအန္တရာယ်မှာ လွန်ခဲ့သည့် နှစ်များအတွင်း ဖားကန့်တွင် ဖြစ်ပွားခဲ့သည့် လူသေဆုံးစေသော တွင်းပြိုကျမှုအများအပြားထဲမှ နောက်ဆုံး တစ်ခုသာလျှင်ဖြစ်ပြီး အားလုံးမှာ NLD အစိုးရက တူးဖော်ရေး လုပ်ငန်းများ၏ လုပ်ထုံးလုပ်နည်းများကို ကြပ်မတ်မည်ဟု ပြောဆိုနေသည့်ကြားမှ စစ်တပ်၏ စောင့်ကြည့်မှုအောက်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

နိုင်ငံရေး ဖွဲ့စည်းတည်ဆောက်ပုံ ပြုပြင်ပြောင်းလဲခြင်းကို ခိုင်မာအောင် လုပ်ဆောင်ပြီး မြန်မာစစ်တပ်၏ ဖွဲ့စည်းပုံအခြေခံပေါ်တွင် အခြေပြုထားသော အာဏာကို ဖယ်ထုတ်ခြင်း မပြုလုပ်ပဲ ကျောက်စိမ်း တူးဖော်ရေးနှင့်ဆိုင်သော မူဝါဒများကိုသာ ပြောင်းလဲရုံဖြင့် လက်ရှိဖြစ်နေသော ဘေးအန္တရာယ်များကို ကာကွယ်တားဆီးမှု ပြုလုပ်နိုင်မည်မဟုတ်ကြောင်း ရှင်းလင်းစွာ သိမြင် နိုင်သည်။

# KWAT မှ အောက်ပါ အကြံပြုချက်များကို လုပ်ဆောင်ရန် တိုက်တွန်းလိုက်သည်။

၁။ မြန်မာ စစ်တပ်အနေဖြင့် နိုင်ငံတဝှမ်းလုံးတွင် ထိုးစစ်များကို ရပ်ဆိုင်းရမည်။ ဖားကန့်ဒေသအပါအဝင် တိုင်းရင်းသား နယ်မြေများမှ ၎င်းတို့၏ အခြေစိုက် စခန်းများကို ပိတ်သိမ်းပြီး တပ်ဖွဲ့များကို ဆုတ်ခွာရမည်။ သို့မှသာ လုံခြုံရေး ကဏ္ဍပြုပြင်ပြောင်းလဲရေး အပါအဝင် ဖက်ဒရယ်ဒီမိုကရေစီဖွဲ့စည်းပုံ အခြေခံဥပဒေသို့ ဦးတည်သော အားလုံးပါဝင်သည့် နိုင်ငံရေး ဆွေးနွေးပွဲများကို စတင်နိုင်မည်ဖြစ်သည်။

၂။ မြန်မာအစိုးရအနေဖြင့် တာဝန်ခံမှုရှိသော ဒေသခံ လုံခြုံရေး ယန္တရားအောက်တွင် ဒေသခံ ပြည်သူများအား ၎င်းတို့၏ မြေယာများ၊ သဘာဝ သယံဇာတများကို ပိုင်ဆိုင်ခွင့်၊ စီမံခန့်ခွဲခွင့်နှင့် ထိန်းချုပ်ပိုင်ခွင့် ပေးထားသည့် ဖက်ဒရယ် ဖွဲ့စည်းပုံ အခြေခံဥပဒေအောက်တွင် စစ်မှန်သော ငြိမ်းချမ်းရေးနှင့် အာဏာခွဲဝေ လျော့ချမှုရှိသည့် အချိန်အထိ တိုင်းရင်းသား ဒေသများတွင် စက်ကိရိယာများ ဖြင့် ကျောက်တူးဖော်မှု အားလုံးနှင့် အခြား အကြီးစားသယံဇာတ ထုတ်ယူမှု စီမံကိန်းများ အားလုံးကို ရပ်ဆိုင်းထားရမည်။

၃။ ဖားကန့်ရှိ သဘာဝ သယံဇာတ တူးဖော်ရေး ကုမ္ပဏီအားလုံးသည် ၎င်းတို့၏ လုပ်ငန်းများ အားလုံးကို ပိတ်သိမ်းရမည်။ စက်ကိရိယာများအားလုံးကို ရုတ်သိမ်းသွားရမည်၊ အစိုးရအနေနှင့်လည်း ကုမ္ပဏီတို့၏ တူးဖော်ထုတ်လုပ်မှု လုပ်ငန်းများကြောင့် သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုဘဝ အပေါ် ဆိုးကျိုး သက်ရောက်မှုများအတွက် တာဝန်ယူရမည်။ ၎င်းတွင် မြေမျက်နှာသွင်ပြင်ကို အဖြစ်နိုင်ဆုံး မူရင်းအတိုင်း ဖြစ်စေရန်၊ ကျန်ရှိနေသော မြေများ၏ မတည်ငြိမ်မှု၊ ရေကြီးမှုနှင့် မြေပြိုမှုများကို ဖြေရှင်းရန် သာမက သက်ရောက်မှု ခံရသော ဒေသခံ လူထုများကို လျော်ကြေးပေးမှုများ လုပ်ဆောင်မှုအပေါ် စောင့်ကြည့်ရမည်။

၄။ မြန်မာအစိုးရသည် ဇူလိုင်လ ၂ ရက် မြေပြိုမှုတွင် သေဆုံးသွားခဲ့သူများအားလုံး၏ မိသားစုများကို လျော်ကြေး ပေးရမည်။

၅။ လက်ရှိ ဖမ်းဆီးထားသော ရေမဆေးသမားများ၏ သူဌေး ၁၃ ဦးမှာ ခုတုံးလုပ်ခံရသူများသာ ဖြစ်သဖြင့် တရားစွဲဆိုထားမှု ပယ်ဖျက်ပြီး ဖမ်းဆီးထိန်းသိမ်းထားသူ သုံးဦးကို ချက်ချင်းလွှတ်ပေးရမည်။

၆။ အစိုးရ အာဏာပိုင်များနှင့် လုံခြုံရေး တပ်ဖွဲ့များသည် ဖားကန့်ဒေသတွင် ၎င်းတို့၏ အခွင့်အရေးများကို ကာကွယ်နေကြသော ဒေသခံ လူထုများအား စော်ကားနှောက်ယှက်ခြင်းနှင့် ခြိမ်းခြောက်မှုများ ပြုလုပ် နေခြင်းကို ချက်ချင်း ရပ်ဆိုင်းရမည်။

# နောက်ဆက်တွဲများ

၂၀၂၀ ခုနှစ်၊ ဝေ့ခါတွင် အစိုးရ ကျောက်တူးဖော်ခွင့် ပါမစ်ရရှိသော ကုမ္ပဏီများ စာရင်း (Greenland သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့က ၂၀၁၈ ခုနှစ်တွင် ရရှိထားသော အချက်အလက်များအရ)

| ကုမ္ပဏီ အမည် | ကုမ္ပဏီ ပိုင်ရှင် | မှော် (လုပ်ကွက် နံပါတ်) | ပါမစ် သက်တမ်း ကုန်ဆုံးရက် |
|---|---|---|---|
| **ရှော ရတနာ** | **ဦးဇော်ဘိုခန့်** | **ဝေ့ခါ (၁၀၆)** | **၂၇ ဇန်နဝါရီ ၂၀၂၀** |
| ချောင်းဖရားသား | ဦးကျော်စိန် | ဝေ့ခါ- မှော်သစ် (၄၄၃၊ ၄၄၄) | ၃ ဖေဖော်ဝါရီ ၂၀၂၀ |
| ကျောက်စိမ်းသခင် | ဦးမောင်ပြုန်း | ဝေ့ခါ (၂၈၄-၂၈၇) | ၅ ဖေဖော်ဝါရီ ၂၀၂၀ |
| မြန်မာကျောက်စိမ်းလုပ်ငန်း အင်အားစု | ဦးကျော်သူ | ဝေ့ခါ (၄၃၁-၄၃၄) | ၂၂ မတ် ၂၀၂၀ |
| ဂိုတ်လဲန်း | ဦးခန်ဒါ ဘရန်ရှောင် | ဝေ့ခါ (၄) | ၇ မေ ၂၀၂၀ |
| ရန်ဒရာဝွန် | ဦးကျန်ရှောပန် | ဝေ့ခါ- စော်ဘွားချောင် (၄၆၅) | ၈ မေ ၂၀၂၀ |
| **ရှော ရတနာ** | **ဦးစိုးဝင်း** | **ဝေ့ခါ (၃၄၄)** | **၁၀ ဇွန် ၂၀၂၀** |
| | | **ဝေ့ခါ (၃၄၅)** | **၁၁ ဇွန် ၂၀၂၀** |
| | | **ဝေ့ခါ (၁၉)** | **၁၉ ဇွန် ၂၀၂၀** |
| | | **ဝေ့ခါ (၅၈)** | **၂၄ ဇွန် ၂၀၂၀** |
| စိုင်းအင်ဝိုင်း | ဦးကရိန်တူးမိုင် | ဝေ့ခါ- မှော်သစ်ကုန်း (၅၉) | ၁၀ ဇွန် ၂၀၂၀ |
| ဟိုးအင်ဝမ်း (Hole in One) | ဦးမျိုးကြည် | ဝေ့ခါ- မှော်သစ်ကုန်း (၃၁၇၊ ၃၁၉၊ ၃၂၀၊ ၃၂၁) | ၁၀ ဇွန် ၂၀၂၀ |
| ဟိုးအင်ဝမ်း (Hole in One) | ဒေါ်လောဆုံ | ဝေ့ခါ- မှော်သစ်ကုန်း (၃၂၂-၃၂၆) | ၁၀ ဇွန် ၂၀၂၀ |
| ဟိုးအင်ဝမ်း (Hole in One) | ဒေါ်ရန်ရှမ်းရုံ | ဝေ့ခါ- မှော်သစ်ကုန်း (၃၂၇-၃၃၀) | ၁၀ ဇွန် ၂၀၂၀ |
| **ရတနာ ကြယ်** | **ဦးကျော်နိုင်** | **ဝေ့ခါ (၃၃၂-၃၄၀)** | **၁၁ ဇွန် ၂၀၂၀** |
| ရန်ဒရာဝွန် | ဦးကျန်ရှောပန် | ဝေ့ခါ- ကထောင်ရပ် (၁၅၀) | ၁၁ ဇွန် ၂၀၂၀ |

| | | | |
|---|---|---|---|
| ကျောက်စိမ်းသခင် | ဦးထွန်းဝင်း | ဖေ့ခါ- ကထောင်ရပ် (၄၂၃၊ ၄၂၄) | ၂၂ ဇူလိုင် ၂၀၂၀ |
| ရန်ဒရာဂွန် | ဦးကျန်ရှောပန် | ဖေ့ခါ (၄၂၆) | ၁ ဩဂုတ် ၂၀၂၀ |
| ကျောက်စိမ်းဘုန်းဆောင်ကြယ်နန်းတော် | ဦးအိုက်လု | ဖေ့ခါ (၅၆) | ၃ ဩဂုတ် ၂၀၂၀ |
| တုန်နိုင်းမီ မြန်မာကျောက်စိမ်း | ဒေါ်လုတောင် | ဖေ့ခါ (၈၁၅-၈၁၇) | ၁၄ စက်တင်ဘာ ၂၀၂၀ |
| ထွန်းရွှေရည် | ဦးထွန်းဝင်း | ဖေ့ခါ (၈၀) | ၈ အောက်တိုဘာ ၂၀၂၀ |
| ဒွဲ့ဒါလင် | ဦးအောင်မြတ် | ဖေ့ခါ– စော်ဘွားချောင် (၈၅) | ၂၁ အောက်တိုဘာ ၂၀၂၀ |
| **ရှော ရတနာ** | **ဦးစိုးဝင်း** | **ဖေ့ခါ (၈၁၄)** | **၂၇ အောက်တိုဘာ ၂၀၂၀** |
| နယ်ခြား ရတနာ | ဦးထင်ကျော် | ဖေ့ခါ (၄၄) | ၃၁ အောက်တိုဘာ ၂၀၂၀ |
| ဆုထူးပန် | ဦးကျော်ဌေး | ဖေ့ခါ (၄၄၆၊ ၄၄၇) | ၂၃ နိုဝင်ဘာ ၂၀၂၀ |
| ဘူးဂါး | ဦးခရန် လတောင် | ဖေ့ခါ (၂၊ ၃) | ၂၆ နိုဝင်ဘာ ၂၀၂၀ |
| ရွှေဝါမြေ | ဒေါ်နန်းအေးထွန်း | ဖေ့ခါ– မော်သစ်ကုန်း (၃၄၆- ၃၄၉ ) | ၈ နိုဝင်ဘာ ၂၀၂၀ |
| **ရှော ရတနာ** | **ဦးစိုးဝင်း** | **ဖေ့ခါ (၁၁၊ ၃၄၊ ၄၃)** | **၄ ဒီဇင်ဘာ ၂၀၂၀** |

၂၀၂၀ခုနှစ်၊ ဇူလိုင်လ ၂ ရက်နေ့ မြေပြိုမှုတွင် ဆုံးပါးသွားသော သူများ၏ အလောင်းနှင့် မည်သူမည်ဝါ ဖြစ်ကြောင်း သတ်မှတ်နိုင်ခဲ့သော စာရင်း

| **စဉ်** | **လိင်** | **အသက်** | **မှတ်ပုံတင်အမှတ် (ကောက်ခံရရှိသမျှ)** | **လူမျိုး/ ဘာသာ** | **နေရပ်** |
|---|---|---|---|---|---|
| ၁ | ကျား | ၃၇ | - | ဗမာ / ဗုဒ္ဓ | ရပ်ကွက် (၂)၊ ဖေ့ခါ |
| ၂ | ကျား | ၂၀ | ၉ / ရမသ (နိုင်) ၂၃၂၇၀၆ | ဗမာ / ဗုဒ္ဓ | ရပ်ကွက် (၄)၊ မော်သစ်ကုန်း |
| ၃ | ကျား | ၂၀ | ၉ / ရမသ (နိုင်) ၂၂၃၀၂၇ | ဗမာ / ဗုဒ္ဓ | ရပ်ကွက် (၄)၊ မော်သစ်ကုန်း |
| ၄ | ကျား | ၁၉ | - | ကချင်/ ခရစ်ယာန် | ရပ်ကွက် (၄)၊ ဖေ့ခါ |
| ၅ | ကျား | ၂၃ | ၅/ ယမပ (နိုင်) ၀၉၆၇၉၂ | ဗမာ | ရပ်ကွက် (၃)၊ ဖေ့ခါ |

| | | | | | |
|---|---|---|---|---|---|
| ၆ | ကျား | ၄၀ | ၁ / မစန (နိုင်) ၀၅၂၃၇၈ | ကချင် / ခရစ်ယာန် | ရပ်ကွက် (၆)၊ ဝေ့ခါ |
| ၇ | ကျား | ၂၂ | ၁ / မကန (နိုင်) ၂၁၅၇၂၀ | ကချင် / ခရစ်ယာန် | ရပ်ကွက် (၆)၊ ဝေ့ခါ |
| ၈ | ကျား | ၄၅ | ၁၃/ နခန (နိုင်) ၀၀၈၁၅၉ | ကချင် / ခရစ်ယာန် | ရပ်ကွက် (၆)၊ ဝေ့ခါ |
| ၉ | ကျား | ၂၂ | - | ကချင် / ခရစ်ယာန် | - |
| ၁၀ | ကျား | ၃၀ | - | ဗမာ | ရပ်ကွက် (၃)၊ ဝေ့ခါ |
| ၁၁ | ကျား | ၂၃ | - | ရခိုင် | - |
| ၁၂ | ကျား | ၂၆ | ၉ / စကန (နိုင်) ၀၈၃၂၉၇ | ရခိုင် | ရပ်ကွက် (၃)၊ ဝေ့ခါ |
| ၁၃ | ကျား | ၂၂ | - | ရခိုင် | ရပ်ကွက် (၃)၊ ဝေ့ခါ |
| ၁၄ | ကျား | ၃၀ | ၁၁/ ကတန (နိုင်) ၁၁၈၈၄၉ | ရခိုင် | ရပ်ကွက် (၆)၊ ဝေ့ခါ |
| ၁၅ | ကျား | ၂၆ | - | ရခိုင် | ဂျန်ဂါ |
| ၁၆ | ကျား | ၂၆ | - | ရခိုင် | ဂျန်ဂါ |
| ၁၇ | ကျား | ၃၆ | - | ရခိုင် | ရပ်ကွက် (၃)၊ ဂျန်ဂါ |
| ၁၈ | ကျား | ၂၉ | - | ရခိုင် | မော်တောင်း |
| ၁၉ | ကျား | ၂၆ | - | ရခိုင် | မော်တောင်း |
| ၂၀ | ကျား | ၃၂ | - | ရခိုင် | ရပ်ကွက် (၇)၊ ဝေ့ခါ |
| ၂၁ | ကျား | ၃၅ | - | | ရပ်ကွက် (၇)၊ ဝေ့ခါ |
| ၂၁ | ကျား | - | ၈/ သလန (နိုင်) ၀၄၇၈၈၄ | ရခိုင် | မကားပင် |
| ၂၃ | ကျား | ၂၀ | ၅/ တဆန (နိုင်) ၁၇၆၅၄၆ | - | မကားပင် |
| ၂၄ | ကျား | ၃၀ | - | - | ရပ်ကွက် (၂)၊ မော်တောင်း |
| ၂၅ | ကျား | ၂၂ | - | - | ရပ်ကွက် (၂)၊ ဂျန်ဂါ |
| ၂၆ | ကျား | ၂၁ | ၁/ ကမန (နိုင်) ၀၆၅၅၂၀ | ကချင် | ရပ်ကွက် (၃)၊ မော်တောင်း |
| ၂၇ | ကျား | ၃၉ | - | ကချင် | ရပ်ကွက် (၃)၊ မော်တောင်း |

| | | | | | |
|---|---|---|---|---|---|
| ၂၈ | ကျား | ၃၁ | ၁/ မညန (နိုင်) ၁၃၆၈၅၃ | ဗမာ / ဗုဒ္ဓ | ရပ်ကွက် (၄)၊ မကားပင် |
| ၂၉ | ကျား | ၄၃ | ၅/ တဆန (နိုင်) ဝ၈၂၄၂၉ | - | ရပ်ကွက် (၄)၊ ဂျန်ဂါ |
| ၃ဝ | ကျား | ၂၂ | - | ရခိုင် | ရပ်ကွက် (၂)၊ ဝေ့ခါ |
| ၃၁ | ကျား | ၃၂ | - | ရခိုင် | မော်ဝမ်းလေး |
| ၃၂ | ကျား | ၃၇ | - | ကချင် | ရပ်ကွက် (၅)၊ ဝေ့ခါ |
| ၃၃ | ကျား | ၂၄ | - | ကချင် | ရပ်ကွက် (၂)၊ မော်တောင်း |
| ၃၄ | ကျား | ၂၂ | - | မြို | ရပ်ကွက် (၆)၊ ဝေ့ခါ |
| ၃၅ | ကျား | ၁၉ | - | မြို | ရပ်ကွက် (၇)၊ ဝေ့ခါ |
| ၃၆ | ကျား | ၂ဝ | - | ကချင် | ရပ်ကွက် (၄)၊ ဝေ့ခါ |
| ၃၇ | ကျား | ၄၁ | - | ကချင် | ဂျန်ဂါ |
| ၃၈ | ကျား | ၂၁ | ၁၁/ ပတန (နိုင်) ၁၃၈၈၉၅ | ရခိုင် | ရပ်ကွက် (၂)၊ မော်တောင်း |
| ၃၉ | ကျား | ၂၈ | - | ရခိုင် | ရပ်ကွက် (၇)၊ ဝေ့ခါ |
| ၄ဝ | ကျား | ၂၆ | - | လီဆူး | ရပ်ကွက် (၇)၊ ဝေ့ခါ |
| ၄၁ | ကျား | ၂၈ | - | ကချင် | ရပ်ကွက် (6)၊ ဝေ့ခါ |
| ၄၂ | ကျား | ၂၇ | - | လီဆူး | ရပ်ကွက် (၇)၊ ဝေ့ခါ |
| ၄၃ | ကျား | ၄၅ | - | ဗမာ | ရပ်ကွက် (၇)၊ ဝေ့ခါ |
| ၄၄ | ကျား | ၂၄ | - | ဗမာ | ရပ်ကွက် (၆)၊ ဝေ့ခါ |
| ၄၅ | ကျား | ၂၁ | ၁/ မညန (နိုင်) ၁၉၄၇၆ဝ | ဗမာ | ရပ်ကွက် (၃)၊ မော်တောင်း |
| ၄၆ | ကျား | ၂၇ | ၁/ မညန (နိုင်) ၁၆၁၅၉၅ | ရှမ်းဗမာ | မော်ဂလုံ |
| ၄၇ | ကျား | ၂၇ | ၁/ မညန (နိုင်) ၁၃၆၃၁၇ | ရှမ်းဗမာ | ရပ်ကွက် (၃) မော်တောင်း |
| ၄၈ | ကျား | - | - | ကချင် | ရပ်ကွက် (၅)၊ လျှပ်စစ်ရုံး ဝေ့ခါ |
| ၄၉ | ကျား | ၂၇ | - | ဗမာ | ရပ်ကွက် (၃)၊ ဝေ့ခါ |
| ၅ဝ | ကျား | ၂၉ | - | ရခိုင်/ ဗုဒ္ဓ | ရပ်ကွက် (၃)၊ ဝေ့ခါ |
| ၅၁ | ကျား | ၂၁ | ၉ / ဝကန (နိုင်) ဝ၉၄၄၆၂ | ရခိုင်/ ဗုဒ္ဓ | ရပ်ကွက် (၃)၊ ဝေ့ခါ |

| | | | | | |
|---|---|---|---|---|---|
| ၅၂ | ကျား | ၂၃ | - | ကချင် | ရပ်ကွက် (၃)၊ မော်တောင်း |
| ၅၃ | ကျား | ၄၇ | ၁၄/ဒဒရ(နိုင်) ၁၀၁၂၃၅ | ဗမာ/ဗုဒ္ဓ | ရပ်ကွက် (၄)၊ ဝေ့ခါ |
| ၅၄ | ကျား | ၃၀ | - | ရခိုင်/ ဗုဒ္ဓ | ရပ်ကွက် (၃)၊ ခကျုန် |
| ၅၅ | ကျား | ၂၁ | - | ရခိုင်/ ဗုဒ္ဓ | ရပ်ကွက် (၃)၊ ခကျုန် |
| ၅၆ | ကျား | ၃၁ | ၁၄/ ဒဒရ (နိုင်) ၁၂၈၂၀၆ | ဗမာ | ရပ်ကွက် (၄)၊ ဝေ့ခါ |
| ၅၇ | ကျား | ၂၃ | - | ဗမာ | ရပ်ကွက် (၂)၊ ဝေ့ခါ |
| ၅၈ | ကျား | ၂၅ | - | ဗမာ | ရပ်ကွက် (၃)၊ ဝေ့ခါ |
| ၅၉ | ကျား | ၃၂ | - | ဗမာ | ပုလဲကုန်း |
| ၆၀ | ကျား | ၃၈ | - | ဗမာ | ရပ်ကွက် (၅)၊ ဝေ့ခါ |
| ၆၁ | ကျား | ၃၆ | ၁၄/ ဒဒရ (နိုင်) ၁၃၂၀၃၅ | ဗမာ/ ဗုဒ္ဓ | ရပ်ကွက် (၄)၊ ဝေ့ခါ |
| ၆၂ | ကျား | ၁၉ | - | ဗမာ | ရပ်ကွက် (၇)၊ ဝေ့ခါ |
| ၆၃ | ကျား | ၄၆ | - | ဗမာ | ရပ်ကွက် (၄)၊ ဝေ့ခါ |
| ၆၄ | ကျား | ၃၁ | - | ရခိုင် | ခကျုန် |
| ၆၅ | ကျား | ၂၈ | - | ဗမာ | ရပ်ကွက် (၂)၊ ဝေ့ခါ |
| ၆၆ | ကျား | ၃၅ | ၅/ ကလဝ (နိုင်) ၀၀၀၃၂၄ | ဗမာ | ရပ်ကွက် (၇)၊ ဝေ့ခါ |
| ၆၇ | ကျား | ၂၃ | ၅/ ယမပ (နိုင်) ၁၂၈၂၁၂ | ဗမာ/ ဗုဒ္ဓ | ရပ်ကွက် (၇)၊ ဝေ့ခါ |
| ၆၈ | ကျား | ၂၅ | - | | ကရင် |
| ၆၉ | ကျား | ၃၅ | ၅/ကလတ (နိုင်)၀၉၁၈၈၀ | ဗမာ | ရပ်ကွက် (၅)၊ ဝေ့ခါ |
| ၇၀ | ကျား | ၂၈ | - | ဗမာ | ရပ်ကွက် (၅)၊ ဝေ့ခါ |
| ၇၁ | ကျား | ၄၀ | - | ဗမာ | ရပ်ကွက် (၇)၊ ဝေ့ခါ |
| ၇၂ | ကျား | ၂၀ | - | ဗမာ | ရပ်ကွက် (၇)၊ ဝေ့ခါ |
| ၇၃ | ကျား | ၂၀ | - | ဗမာ | ရပ်ကွက် (၇)၊ ဝေ့ခါ |
| ၇၄ | ကျား | ၂၉ | - | ရခိုင် | ရပ်ကွက် (၄)၊ ဂျန်ဂါ |
| ၇၅ | ကျား | ၃၂ | - | ဗမာ | ရပ်ကွက် (၄)၊ ဂျန်ဂါ |
| ၇၆ | ကျား | ၃၀ | ၈/ ဂဂန (နိုင်) ၀၉၅၉၄၇ | ဗမာ | ရပ်ကွက် (၄)၊ မော်သစ်ကုန်း |

| | | | | | |
|---|---|---|---|---|---|
| ၇၇ | ကျား | ၃၄ | - | ဗမာ | ရပ်ကွက် (၄)၊ မော်သစ်ကုန်း |
| ၇၈ | ကျား | ၂၉ | - | ဗမာ | ရပ်ကွက် (၄)၊ မော်သစ်ကုန်း |
| ၇၉ | ကျား | ၃၁ | - | ဗမာ | ရပ်ကွက် (၄)၊ မော်သစ်ကုန်း |
| ၈၀ | ကျား | ၂၈ | - | ဗမာ | ရပ်ကွက် (၅)၊ ဝေ့ခါ |
| ၈၁ | ကျား | ၄၀ | - | ဗမာ | ရပ်ကွက် (၅)၊ ဝေ့ခါ |
| ၈၂ | ကျား | - | - | | ရခိုင် |
| ၈၃ | ကျား | ၂၇ | - | ဗမာ | ရပ်ကွက် (၂)၊ ဝေ့ခါ |
| ၈၄ | ကျား | ၂၁ | ၅/ မကတ (နိုင်) ၀၈၁၁၁၆ | ဗမာ | ရပ်ကွက် (၇)၊ ဝေ့ခါ |
| ၈၅ | ကျား | ၂၈ | ၅/ ယမပ (နိုင်) ၁၃၉၁၆၉ | ဗမာ | - |
| ၈၆ | ကျား | ၅၀ | - | ဗမာ | ရပ်ကွက် (၄)၊ ဝေ့ခါ |
| ၈၇ | ကျား | ၃၂ | ၅/ ယမပ (နိုင်) ၀၁၁၀၂၄ | ဗမာ | ရပ်ကွက် (၇)၊ ဝေ့ခါ |
| ၈၈ | ကျား | ၂၉ | ၅/ ယမပ (နိုင်) ၀၂၆၉၂၅ | ဗမာ | ရပ်ကွက် (၇)၊ ဝေ့ခါ |
| ၈၉ | ကျား | ၂၅ | - | ရခိုင် | ရပ်ကွက် (၄)၊ ဂျန်ဂါ |
| ၉၀ | ကျား | ၆၀ | - | ရခိုင် | ရပ်ကွက် (၄)၊ ဂျန်ဂါ |
| ၉၁ | ကျား | ၃၀ | - | ဗမာ | ရပ်ကွက် (၄)၊ ဂျန်ဂါ |
| ၉၂ | ကျား | | - | ဗမာ | ရပ်ကွက် (၃)၊ ဝေ့ခါ |
| ၉၃ | ကျား | ၂၁ | - | ရခိုင် | ရပ်ကွက် (၃)၊ ခကျန် |
| ၉၄ | ကျား | ၂၆ | - | ဗမာ | ရပ်ကွက် (၇)၊ ဝေ့ခါ |
| ၉၅ | ကျား | ၂၄ | - | ဗမာ | ရပ်ကွက် (၆)၊ ဝေ့ခါ |
| ၉၆ | ကျား | ၂၀ | - | ဗမာ | ရပ်ကွက် (၃)၊ မော်တောင်း |
| ၉၇ | ကျား | ၂၅ | - | ရခိုင် | ခကျန် |
| ၉၈ | ကျား | ၁၇ | - | ရခိုင် | ခကျန် |
| ၉၉ | ကျား | ၂၄ | - | ရခိုင် | ရပ်ကွက် (၂)၊ ဝေ့ခါ |
| ၁၀၀ | ကျား | ၄၂ | - | ဗမာ | ရပ်ကွက် (၂)၊ ဝေ့ခါ |
| ၁၀၁ | ကျား | ၂၇ | - | ဗမာ | ရပ်ကွက် (၃) ၊ ဝေ့ခါ |

| | | | | | |
|---|---|---|---|---|---|
| ၁၀၂ | ကျား | ၂၃ | - | ဗမာ | ဂျန်ဂါ |
| ၁၀၃ | ကျား | - | - | ဗမာ | ဝေခါ |
| ၁၀၄ | ကျား | ၃၃ | - | ဗမာ | ရပ်ကွက် (၄) ၊ ဝေ့ခါ |
| ၁၀၅ | ကျား | ၂၀ | - | ဗမာ | ရပ်ကွက် (၄) ၊ ဝေ့ခါ |
| ၁၀၆ | ကျား | ၂၆ | - | ဗမာ | ရပ်ကွက် (၁)၊ မော်တောင်း |
| ၁၀၇ | ကျား | ၄၇ | - | ဗမာ | ရပ်ကွက် (၇) ၊ ဝေ့ခါ |
| ၁၀၈ | ကျား | ၂၉ | - | ရခိုင် | ရပ်ကွက် (၆) ၊ ဝေ့ခါ |
| ၁၀၉ | ကျား | ၂၉ | - | ဗမာ | ရပ်ကွက် (၆) ၊ ဝေ့ခါ |
| ၁၁၀ | ကျား | ၂၀ | ၁၁/ ကတန (နိုင်)၁၄၃၄၁၄ | ရခိုင် | ရပ်ကွက် (၆) ၊ ဝေ့ခါ |
| ၁၁၁ | ကျား | ၂၄ | ၁၁/ စတန (နိုင်) ၁၃၀၄၈၅ | ရခိုင် | ရပ်ကွက် (၆) ၊ ဝေ့ခါ |
| ၁၁၂ | ကျား | ၃၃ | - | ဗမာ | မကားပင် |
| ၁၁၃ | ကျား | ၃၅ | - | ရခိုင် | ရပ်ကွက် (၅) ၊ ဝေ့ခါ |
| ၁၁၄ | ကျား | ၂၇ | - | ဗမာ | ရပ်ကွက် (၂) ၊ ဝေ့ခါ |
| ၁၁၅ | ကျား | ၃၀ | - | ရခိုင် | ရပ်ကွက် (၂) ၊ ဝေ့ခါ |
| ၁၁၆ | ကျား | ၂၀ | - | ဗမာ | ရပ်ကွက် (၇) ၊ ဝေ့ခါ |
| ၁၁၇ | ကျား | ၂၁ | - | ဗမာ | ရပ်ကွက် (၇) ၊ ဝေ့ခါ |
| ၁၁၈ | ကျား | ၂၁ | - | ဗမာ | ရပ်ကွက် (၇) ၊ ဝေ့ခါ |
| ၁၁၉ | ကျား | ၂၆ | - | ရခိုင် | ရပ်ကွက် (၆) ၊ ဝေ့ခါ |
| ၁၂၀ | ကျား | ၂၅ | - | ရခိုင် | ဝေခါ |
| ၁၂၁ | ကျား | ၂၄ | - | ဗမာ | ရပ်ကွက် (၂) ၊ ဝေ့ခါ |
| ၁၂၂ | ကျား | ၂၉ | - | ဗမာ | ရပ်ကွက် (၆) ၊ ဝေ့ခါ |
| ၁၂၃ | ကျား | ၄၀ | - | ရှမ်း | ရပ်ကွက် (၂) ၊ ဝေ့ခါ |
| ၁၂၄ | ကျား | ၃၂ | - | ဗမာ | ရပ်ကွက် (၃) ၊ ဝေ့ခါ |
| ၁၂၅ | ကျား | ၃၆ | - | ရခိုင် | မကားပင် |
| ၁၂၆ | ကျား | ၁၈ | - | ရခိုင် | မကားပင် |
| ၁၂၇ | ကျား | ၃၂ | - | ရခိုင် | ရပ်ကွက် (၃) ၊ ဝေ့ခါ |

| | | | | | |
|---|---|---|---|---|---|
| ၁၂၈ | ကျား | ၂၁ | - | ဗမာ | ရပ်ကွက် (၄) ၊ ဝေ့ခါ |
| ၁၂၉ | ကျား | ၂၁ | - | ဗမာ | ရပ်ကွက် (၅) ၊ ဝေ့ခါ |
| ၁၃၀ | ကျား | ၂၂ | - | ဗမာ | ရပ်ကွက် (၇) ၊ ဝေ့ခါ |
| ၁၃၁ | ကျား | ၂၁ | - | ဗမာ | ရပ်ကွက် (၃)၊ မော်တောင်း |
| ၁၃၂ | ကျား | ၂၂ | - | ဗမာ | ရပ်ကွက် (၃)၊ မော်တောင်း |
| ၁၃၃ | ကျား | ၄၂ | - | ဗမာ | ရပ်ကွက် (၃)၊ မော်တောင်း |
| ၁၃၄ | ကျား | ၂၀ | - | ဗမာ | ရပ်ကွက် (၂)၊ ဝေ့ခါ |
| ၁၃၅ | ကျား | ၃၅ | ၁/ ကပန (နိုင်) ၀၇၀၈၀၈ | ရခိုင် | ရပ်ကွက် (၄)၊ ဂျန်ဂါ |
| ၁၃၆ | ကျား | ၂၄ | - | ဗမာ / ဗုဒ္ဓ | ရပ်ကွက် (၅)၊ ဝေ့ခါ |
| ၁၃၇ | ကျား | ၂၄ | - | ကချင် | ရပ်ကွက် (၁) ၊ ဝေ့ခါ |
| ၁၃၈ | ကျား | ၂၁ | - | ကချင် | ရပ်ကွက် (၁) ၊ ဝေ့ခါ |
| ၁၃၉ | ကျား | ၂၉ | - | ရခိုင် | ရပ်ကွက် (၇) ၊ ဝေ့ခါ |
| ၁၄၀ | ကျား | ၂၄ | - | ဗမာ | ရပ်ကွက် (၇) ၊ ဝေ့ခါ |
| ၁၄၁ | ကျား | ၂၂ | - | ရခိုင် | ရပ်ကွက် (၃)၊ ဂျန်ဂါ |
| ၁၄၂ | ကျား | ၂၅ | - | ရခိုင် | ရပ်ကွက် (၃) ၊ ဝေ့ခါ |
| ၁၄၃ | ကျား | ၂၅ | - | ဗမာ | ရပ်ကွက် (၃)၊ မော်တောင်း |
| ၁၄၄ | ကျား | ၂၈ | - | ရခိုင် | ရပ်ကွက် (၂)၊ မော်တောင်း |
| ၁၄၅ | ကျား | ၂၈ | - | ရှမ်း+ဗမာ | ရပ်ကွက် (၂)၊ ဂျန်ဂါ |
| ၁၄၆ | ကျား | ၂၅ | - | ဗမာ | ရပ်ကွက် (၂) ၊ ဝေ့ခါ |
| ၁၄၇ | ကျား | ၂၁ | - | ဗမာ | ရပ်ကွက် (၂) မော်တောင်း |
| ၁၄၈ | ကျား | ၃၂ | - | ရခိုင် | ရပ်ကွက် (၂) မော်တောင်း |
| ၁၄၉ | ကျား | ၂၇ | - | ဗမာ | ရပ်ကွက် (၇) ၊ ဝေ့ခါ |
| ၁၅၀ | ကျား | ၂၈ | - | ဗမာ | ရပ်ကွက် (၂)၊ ဂျန်ဂါ |

| | | | | | |
|---|---|---|---|---|---|
| ၁၅၁ | ကျား | ၃၃ | - | ရခိုင် | ရပ်ကွက် (၅) ၊ ဝေ့ခါ |
| ၁၅၂ | ကျား | ၂၁ | - | ရခိုင် | ရပ်ကွက် (၅) ၊ ဝေ့ခါ |
| ၁၅၃ | ကျား | ၃၅ | ၅/ ပလန (နိုင်) ၀၇၉၉၈၀ | ဗမာ | ရပ်ကွက် (၂) မော်တောင်း |
| ၁၅၄ | ကျား | ၂၆ | - | ရခိုင် | ဂျန်ဂါ |
| ၁၅၅ | ကျား | ၁၈ | - | ရှမ်း/ ဗုဒ္ဓ | ရပ်ကွက် (၃)၊ ခကျန် |
| ၁၅၆ | ကျား | - | | ၁/မညန (နို) ၀၆၆၂၂၈ | ရပ်ကွက် (၂)၊ ဝေ့ခါ |
| ၁၅၇ | ကျား | ၃၀ | - | ဗမာ | ရပ်ကွက် (၂)၊ ဝေ့ခါ |
| ၁၅၈ | ကျား | ၂၂ | - | ဗမာ | ရပ်ကွက် (၂)၊ ဝေ့ခါ |
| ၁၅၉ | ကျား | ၄၀ | - | ရှမ်း/ ဗုဒ္ဓ | ရပ်ကွက် (၃)၊ ခကျန် |
| ၁၆၀ | ကျား | ၃၇ | ၅/ ရဉန (နိုင်) ၀၈၆၁၀၁ | ဗမာ | ရပ်ကွက် (၂)၊ မော်တောင်း |
| ၁၆၁ | ကျား | ၂၄ | ၅/ မကန (နိုင်) ၀၈၈၉၂ | ဗမာ | ရပ်ကွက် (၇)၊ ဝေ့ခါ |

## ကချင်အမျိုးသမီးများ အစည်းအရုံးထိုင်းနိုင်ငံ(KWAT)

မြန်မာနိုင်ငံတွင်နှစ်ပေါင်းများစွာပြည်တွင်းစစ်ဖြစ်ခဲ့ခြင်းကြောင့်နိုင်ငံရေး၊စီးပွားရေးနှင့် လူမှုရေးအခြေ အနေများ ဆိုးရွားလာခဲ့သဖြင့် များစွာသော ကချင်လူမျိုးများသည် မိမိတို့နေရပ် ဒေသကို စွန့်ခွာပြီး တစ်ခြား နိုင်ငံသို့ ထွက်ခွာ သွားကြရသည်။ ထိုင်းနိုင်ငံသို့ အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိလာသော ကချင်လူမျိုးများသည် တစ်နှစ်ထက်တစ်နှစ်များပြားလာခဲ့သည်။ထိုအချိန်တွင်အမျိုးသမီးများသည်မိမိတို့၏ ပြဿနာများကို ကိုယ်တိုင် ဖြေရှင်းနိုင်ရန်အတွက် ကချင်အမျိုးသမီး အစည်းအရုံး ထိုင်းနိုင်ငံကို ၁၉၉၉ ခုနှစ် စက်တင်ဘာလ ၉ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့သည်။ KWAT သည် မိမိတို့ လူမှု ပတ်ဝန်းကျင်တွင် ခွဲခြားဖိနှိပ်မှုများ ကင်းစင်ကာ လူတိုင်း အေးချမ်းစွာ နေနိုင်ပြီး အမျိုးသမီးများသည်လည်း မိမိ ပတ်ဝန်းကျင်၊ ရပ်ရွာ၊ မြို့နယ်မှ နိုင်ငံအဆင့်တွင် ဆုံးဖြတ်ချက် ချမှတ်နိုင်သည့် ခေါင်းဆောင်မှု အထိရောက်အောင် လုပ်ဆောင်နေသော အဖွဲ့အစည်းဖြစ်သည်။ ကချင်အမျိုးသမီး ကိုယ်စားပြု အကျိုးအမြတ် မယူသော အဖွဲ့အနေဖြင့် အမျိုးသမီး အခွင့်အရေး မြှင့်တင်ခြင်း လုပ်ငန်းများ၊ လူကုန်ကူး တားဆီးမှုလုပ်ငန်းများ၊ ကျန်းမာရေး ဝန်ဆောင်မှုနှင့် အသိပညာပေး လုပ်ငန်းများအပြင် နိုင်ငံရေး အသိပညာပေး လုပ်ငန်းများလည်း လုပ်ကိုင်လျက် ရှိသည်။

အီးမေး : kwat.office@gmail.com
ဖုန်းနံပါတ် : +66(0)89 755 9892
ဝပ်ဘ်ဆိုဒ် : kachinwomen.com

၂၀၂၀ ခုနှစ် စက်တင်ဘာလတွင် ထုတ်သည်။